# အဆိပ်သင့်တိမ်များ

မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်သော တီကျစ်ကျောက်မီးသွေး သတ္တုတွင်းစီမံကိန်း၏ သင်ခ



၂၀၁၁ ခုနှစ်တွင် ထုတ်ဝေသည်။

ဆက်သွယ်ရန် : pyorg.net@gmail.com
ဝက်ဆိုဒ် : www.pyo-org.blogspot.com

ဓာတ်ပုံများအားလုံးသည် သီးသန့်မူပိုင်အမည် ဖော်ပြထားခြင်း မရှိပါက ပအိုဝ်းလူငယ်အစည်းအရုံး (PYO) ၏ မူပိုင် ဖြစ်ပါသည်။

**ပအိုဝ်းလူငယ်အစည်းအရုံး (PYO) ၏အကြောင်း**

ပအိုဝ်းလူငယ်အစည်းအရုံး (PYO) ကို ၁၉၉၈ ခုနှစ်တွင် လူငယ်များကို စွမ်းအားမြှင့်တင်ပေးခြင်းအားဖြင့် ငြိမ်းချမ်းသော၊ တရားမျှတမှုကို အခြေခံသည့် လူ့ဘောင် အဖွဲ့အစည်းသစ်တရပ် တည်ထောင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင် တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ လွတ်လပ်သော အကြမ်းမဖက်သည့် လူငယ်အဖွဲ့အစည်းတခုဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ ဒီမိုကရေစီ အခွင့်အရေးများအတွက် ရုန်းကန်လှုပ်ရှားနေပါသည်။

ပအိုဝ်းလူငယ်အစည်းအရုံး (PYO) သည် ၂၀၀၉ ခုနှစ် ဇွန်လတွင် "အနာဂတ်ကို လုယူဖျက်ဆီးခြင်း" အမည်ရသည့် အစီရင်ခံစာ တစောင်ကို (၂)နှစ်ကျော်ကြာတွင် မြန်မာနိုင်ငံ၏ အကြီးဆုံး ပင်းပက်သံသတ္တုမိုင်း နှင့် အမှတ် ၅ သံမဏိ စက်ရုံနေရာတို့တွင် လေ့လာသုတေသနပြုပြီး ထုတ်ပြန်ခဲ့ပါသည်။ ပအိုဝ်းလူငယ်အစည်းအရုံးအနေဖြင့် ဤစီမံကိန်းနှင့် အခြားသော သတ္တုတွင်းများ တူးဖော်နေမှု အခြေအနေကို ဆက်လက် လေ့လာစောင့်ကြည့်နေပြီး၊ ရပ်ရွာလူထု များသို့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအရ ထိခိုက် သက်ရောက်လာနိုင်မှုများကို ပညာပေးမှုများ ဆောင်ရွက် နေပါသည်။

ဆက်သွယ်ရန် : kyoju2010@gmail.com

**ချိုစွူ လှုပ်ရှားမှု ကွန်ယက်၏ အကြောင်း**

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ချိုစွူ လှုပ်ရှားမှုကွန်ယက်ကို စတင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ဌာနေဒေသခံ ကျေးရွာလူထုများသည် မိမိတို့ကိုယ်တိုင်ကိုယ်ကျ သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းခြင်းစွမ်းရည် ပိုမိုအားကောင်းလာစေရေး ဖြစ်သည်။ "ချိုစွူ" ဝေါဟာရသည် ပအိုဝ်းလူမျိုး ဘာသာစကားဖြစ်ပြီး "စိမ်းလန်းသန့်ရှင်းခြင်း"ဟု မြန်မာလို အဓိပ္ပါယ်ရသည်။

မာတိကာ

**နိဒါန်း** .................................................. ၅

**အကျဉ်းချုပ်** .................................................. ၇

**အပိုင်း (၁) မြန်မာနိုင်ငံ၏ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားထုတ်စက်ရုံများ** .................................................. ၉

သဘာဝရင်းမြစ် ကြွယ်ဝသော်လည်း စွမ်းအင်ချို့တဲ့ဆင်းရဲနေသည့် မြန်မာနိုင်ငံ .................................................. ၁၀

မြန်မာနိုင်ငံရှိ ကျောက်မီးသွေးသတ္တုတွင်းများ .................................................. ၁၁

မြန်မာနိုင်ငံရှိ အဓိက ကျောက်မီးသွေးသိုက်များပြဇယား .................................................. ၁၂

တီကျစ် ကျောက်မီးသွေးတွင်းနှင့် လျှပ်စစ်ဓါတ်အားပေးစက်ရုံ စီမံကိန်းမြေပုံ .................................................. ၁၄

ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်စက်ရုံတွင် ထုတ်လွှတ်မှုအဆင့်များပြဇယား .................................................. ၁၅

မြန်မာနိုင်ငံရှိ ကျောက်မီးသွေး လောင်စာသုံး ရေနွေးငွေ့လျှပ်စစ်ဓါတ်အားပေးစက်ရုံများ .................................................. ၁၅

မြန်မာနိုင်ငံ၏ အရှေ့တောင်အာရှ အကြီးဆုံးကျောက်မီးသွေးစက်ရုံစီမံကိန်း .................................................. ၁၅

**အပိုင်း (၂) တီကျစ်ကျောက်မီးသွေး စီမံကိန်း** .................................................. ၁၆

တီကျစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများ .................................................. ၁၉

အထက်ဘီလူးချောင်း .................................................. ၁၉

အင်းလေးကန် .................................................. ၂၀

တီကျစ်ကျောက်မီးသွေး စီမံကိန်းနှင့် အင်းလေးကန်မြေပုံ .................................................. ၂၁

တီကျစ်ကျောက်မီးသွေးသတ္တုတွင်း .................................................. ၂၂

တီကျစ်ကျောက်မီးသွေးသတ္တုတွင်းနှင့် စက်ရုံစီမံကိန်းပြမြေပုံ .................................................. ၂၅

ရင်းနှီးမြှုပ်နှံသူများ .................................................. ၂၅

တီကျစ်ကျောက်မီးသွေး လောင်စာသုံးရေနွေးငွေ့ လျှပ်စစ်ဓါတ်အားပေးစက်ရုံ .................................................. ၂၆

ဒေသခံပြည်သူများအတွက် လောင်စာစွမ်းအင်အခြေအနေ .................................................. ၂၇

တီကျစ်လျှပ်စစ်စက်ရုံမှ ဓါတ်အားကို ပင်းပက်သံရည်ကြိုစက်ရုံသို့ ပေးပို့ရန်ရှိခြင်း .................................................. ၂၇

**အပိုင်း (၃) ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေမှုများ** .................................................. ၂၉

အဓမ္မ ရွှေ့ပြောင်းစေခြင်း .................................................. ၃၀

မြေသိမ်းယူခြင်း .................................................. ၃၄

ဒေသခံလူထုအတွက် အန္တရာယ်ရှိစေသော လျှပ်စစ်စက်ခါးပတ်ကြိုး .................................................. ၃၅

မြေယာများတွင် စိုက်ပျိုးရန် ပြဿနာဖြစ်လာခြင်း .................................................. ၃၆

အလုပ်လက်မဲ့ များပြားလာခြင်း .................................................. ၃၇

လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေခြင်း .................................................. ၃၉

ကျောက်မီးသွေးပြာဆိုသည်မှာအဘယ်နည်း။ .................................................. ၄၁

စက်ရုံများမီးခိုးငွေ့များကြောင့် အက်ဆစ်မိုးဖြစ်ပေါ်စေခြင်း .................................................. ၄၂

အရှေ့တောင်အာရှရှိ အကြီးမားဆုံး ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ထုတ်စက်ရုံမှ သင်ခန်းစာ .................................................. ၄၃

ရေညစ်ညမ်းခြင်းနှင့် ရေရှားပါးလာခြင်း .................................................. ၄၄

အသံဆူညံမှုများ .................................................. ၄၆

ယဉ်ကျေးမှု ဖျက်ဆီးခံရခြင်းများ .................................................. ၄၆

**နိဂုံးနှင့် အကြံပြုချက်များ** .................................................. ၄၉

ကျမ်းကိုး .................................................. ၅၀

နောက်ဆက်တွဲ (၁) .................................................. ၅၃

နောက်ဆက်တွဲ (၂) .................................................. ၅၄



## နိဒါန်း


မြန်မာနိုင်ငံတွင် အထင်ကရဖြစ်သော အင်းလေးကန်၏ ရေဝေရေလဲ ဒေသတွင် တည်ရှိနေသည့် တီကျစ်ကျေးရွာသည် နိုင်ငံ၏ အကြီးဆုံး မြေမျက်နှာပြင်အပွင့် ကျောက်မီးသွေးတွင်းကြီးနှင့် အကြီးဆုံး ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်စက်ရုံ တည်ရှိနေပါသည်။ ယခုအခါ ကျောက်မီးသွေးတွင်းမှ ထွက်လာသည့် မြေစာပုံကြီးသည် ရွာရှိ လူနေအိမ်များထက် မြင့်မားနေပြီး၊ ကျောက်မီးသွေးတွင်းမှ ဖောက်ခွဲမှု အရှိန်များကြောင့် ရွာရှိ စေတီတစ်ဆူလည်း ပြိုကျပျက်စီးခဲ့ရပြီ ဖြစ်ပါသည်။ ရွာရှိ ရေချောင်းများမှာလည်း ညစ်ထေးလာနေပြီး သုံး၍မရနိုင်သည့် အခြေအနေတွင် ရှိနေပါသည်။ ရွာရှိ စိုက်ပျိုးမြေ ဧကရာပေါင်းများစွာကိုလည်း သိမ်းဆည်းခံခဲ့ရပြီး၊ ကျောက်မီးသွေးတွင်းအနီးရှိ ရွာ (၂)ရွာမှာ လျော်ကြေးဟူ၍ လုံလောက်စွာ ရရှိခြင်း မရှိဘဲ အတင်းအကျပ် နှင်ထုတ်ပြောင်းရွှေ့စေခြင်း ခံခဲ့ရပါသည်။ ကျေးရွာလူထုများ သည် သူတို့ ဘဝအပေါ် အကြီးအကျယ် ထိခိုက်ပျက်စီးစေသည့်တိုင် ဤစီမံကိန်းနှင့် ပတ်သက်၍ တစုံတရာမျှ ပြောဆို ပိုင်ခွင့် မရှိကြဘဲ၊ သူတို့ရေရှည် ကြုံတွေ့ရမည့် ကျန်းမာရေး ထိခိုက်သက်ရောက်မှုများနှင့် ပတ်သက်၍ မသိရှိနိုင်ကြဘဲ ရှိနေပါသည်။

မြန်မာနိုင်ငံသည် နာတာရှည် လောင်စာစွမ်းအင် ချို့တဲ့မှုနှင့် ကြုံတွေ့နေရသော်လည်း၊ ယခုတိုင် အိမ်နီးချင်းနိုင်ငံများသို့ လောင်စာစွမ်းအင် အမြောက်အများ ထုတ်လုပ်ရောင်းချနေဆဲ ဖြစ်ပါသည်။ လက်ရှိတွင် နိုင်ငံ၏ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု ၃% မျှကို ကျောက်မီးသွေးမှ ထုတ်လုပ်နေပြီး၊ ဤသို့ ထုတ်လုပ်လိုက်သည့် လျှပ်စစ်စွမ်းအင် အများစုကို အခြားသတ္တုတွင်း လုပ်ငန်းများ၊ စက်မှုဇုန်များတွင် အသုံးချနေကြနေပါသော်လည်း လူနေအိမ်များတွင် အသုံးချနိုင်ခြင်း မရှိကြပါ။ ရှမ်းပြည်နယ် အရှေ့ပိုင်းမှ ကျောက်မီးသွေးများကို ထိုင်းနိုင်ငံသို့ တင်ပို့ရန် လျာထားဆောင်ရွက်နေပြီး၊ ဤလျာထားချက်များအရ မြန်မာနိုင်ငံ တောင်ပိုင်းတွင် ထိုင်းနိုင်ငံက ဦးဆောင်လုပ်ကိုင်မည့် အကြီးဆုံးစက်မှုဇုန်တခုကို တည်ဆောက်ရန်ရှိပြီး၊ အရှေ့ တောင်အာရှတွင် အကြီးဆုံး ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံကြီးမှနေ၍ လျှပ်စစ်စွမ်းအင် ထောက်ပံ့ရန် ပြင်ဆင်မှုများလည်း ရှိနေပါသည်။

၅

မြန်မာနိုင်ငံသည် နိုင်ငံတွင်းရှိ အခြားသော ကျောက်မီးသွေးသိုက်များကို တူးဖော်ထုတ်လုပ်ရန်လည်း ပြင်ဆင်နေပြီး၊ အခြားကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံများလည်း တည်ဆောက်ရန် အစီအစဉ်ရှိနေကာ တီကျစ်ကျောက်မီးသွေးတွင်းကြောင့် ခံစားနေရသည့် အတွေ့အကြုံကို မီးမောင်းထိုးတင်ပြ အသိပေးရန် အရေးကြီးလာပါသည်။ ကျောက်မီးသွေးတွင်းများအန္တရာယ်ကို ကြုံတွေ့ရမည့် ရပ်ရွာလူမှု အသိုက်အဝန်းတို့အနေနှင့် ကျောက်မီးသွေးမိုင်းများ သဘောသဘာဝကို နားလည်သဘောပေါက်စေနိုင်ပြီး၊ ၎င်းတို့ဘာသာ မိမိကိုယ်ကို မိမိတို့ ကာကွယ်မှုများ ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ပါသည်။ တချိန်တည်းမှာပင် မြန်မာနိုင်ငံရှိ ကျောက်မီးသွေးတွင်းများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ကြမည့်၊ အိမ်နီးချင်းနိုင်ငံများမှ စီးပွားရေးကုမ္ပဏီများအနေနှင့်လည်း မြန်မာပြည်သူများ ဤသို့စီမံကိန်းများကြောင့် ခံစားနစ်နာရမည့် လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာရမှုများကို သိရှိလာစေမည် ဖြစ်သည်။




မုဆယ်မြို့
လားရှိုးမြို့
သံလွင်မြစ်
တရုတ်နိုင်ငံ
ရှမ်းပြည်နယ်
ကျိုင်းတုံမြို့
တောင်ကြီးမြို့
ကလောမြို့
လာအိုနိုင်ငံ
အင်းလေးကန်
တီကျစ်
မိုင်းတုံမြို့
ဆီဆိုင်မြို့
ပင်လောင်းမြို့
ထိုင်းနိုင်ငံ
အိန္ဒိယနိုင်ငံ
ချင်းတွင်းမြစ်
လွယ်ဂျယ်
ဓါးသွေးကျောက်
ကြို့ပင်
၆၀၀ မဂ္ဂါဝပ်
ပလူဇဝါ
ကလေးဝ
တရုတ်နိုင်ငံ
နမ္မ
သင်းပေါင်
ဆန်လောင်း
မဟူတောင်
ကြေးသီးမံစံ
ကျောက်တခါး
မိုင်းခုတ်
မြန်နီ
အင်းပင်
လာအိုနိုင်ငံ
တီကျစ်
သံလွင်မြစ်
၃၆၉ မဂ္ဂါဝပ်
၁၂၀ မဂ္ဂါဝပ်
ဧရာဝတီမြစ်
စစ်တောင်းမြစ်
ထိုင်းနိုင်ငံ
ထန်းတပင်
ရန်ကုန်တိုင်း
၂ × ၅၄၀ မဂ္ဂါဝပ်
၂၇၀ မဂ္ဂါဝပ်
၄၀၀၀ မဂ္ဂါဝပ်
ထားဝယ်
မြေပုံ အညွှန်း
ကျောက်မီးသွေးသိုက်
တူးဖော်သည့် ကျောက်မီးသွေးတွင်း
တည်ဆောက်ပြီး ကျောက်မီးသွေးစက်ရုံ
တည်ဆောက်ဆဲ ကျောက်မီးသွေးစက်ရုံ
တည်ဆောက်ရန် စီစဉ်ထားသည့် ကျောက်မီးသွေးစက်ရုံ
မြစ်ချောင်း
သိမ်တော်
မော့တောင်
၆ မဂ္ဂါဝပ်
ကော့သောင်း

## အကျဉ်းချုပ်

(၁) မြန်မာနိုင်ငံသည် လောင်စာစွမ်းအင် ရင်းမြစ် ပေါကြွယ်ဝသော်လည်း၊ အုပ်ချုပ်နေသည့် စစ်အစိုးရသည် ဤအရင်းအမြစ်များကို ထုတ်ယူရောင်းထုတ်နေပြီး၊ ပြည်သူများမှမူ နာတာရှည် လောင်စာစွမ်းအင် ချို့တဲ့မှု ခံစားနေကြရပါသည်။ ဤသို့သော ကျောက်မီးသွေးတွင်းများအပါအဝင် သဘာဝအရင်းအမြစ်များကို အမြတ်ထုတ် အသုံးချနေမှုကြောင့် ကြီးစွာသော ဒေသခံလူထု ရပ်ရွာများအပေါ် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများ ရှိနေပြီး၊ ဤသို့သော စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြသည့် ကုမ္ပဏီများမှာလည်း ထိခိုက်နစ်နာရသည့် ရပ်ရွာ လူထုများအပေါ် တာဝန်ယူ တာဝန်ခံမှု လုံးဝမရှိသလောက် ဖြစ်နေပါသည်။

(၂) မြန်မာနိုင်ငံတွင် အကြီးစား ကျောက်မီးသွေးသိုက် (၁၆)ခု ရှိပါသည်။ ၄င်း၏ စုစုပေါင်း ကျောက်မီးသွေး တန်သန်းပေါင်း (၂၇၀) ကျော်ရှိပါသည်။ တီကျစ် ကျောက်မီးသွေးတွင်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံး အပွင့်စနစ် ကျောက်မီးသွေးတွင်း ဖြစ်ပြီး၊ နေ့စဉ် ကျောက်မီးသွေး တန်ချိန် ၂,၀၀၀ ခန့် ထုတ်ယူနေပါသည်။

(၃) တီကျစ် ကျောက်မီးသွေးတွင်းနှင့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံသည် မြန်မာနိုင်ငံတွင် အထင်ကရ အင်းလေးကန်၏ ရေဝေရေလဲ ဒေသတွင် တည်ရှိနေပါသည်။ အင်းလေးကန်သည် အရှေ့တောင်အာရှနိုင်ငံများ အသင်းအတွက်ပင် တန်ဖိုးထားရမည့် နေရာတခုအဖြစ် သတ်မှတ်ထားရာ ဖြစ်ပါသည်။ ကျောက်မီးသွေးမိုင်းနှင့် လျှပ်စစ်စက်ရုံတို့မှ ထွက်လာသည့် အညစ်အကြေးများသည် ဘီလူးချောင်းအတွင်းသို့ စီးဝင်နေသော်လည်း၊ ယခုတိုင် အင်းလေးကန်အပေါ် ဤစီမံကိန်းများကြောင့် ထိခိုက်နစ်နာရပုံ လေ့လာမှုများကိုလည်း လူသိရှင်ကြား ထုတ်ပြန်ခြင်း မရှိသေးပါ။

(၄) ကျောက်မီးသွေးတွင်းမှ ရရှိလာသည့် ကုန်ကြမ်းများကို မြန်မာနိုင်ငံ၏ အကြီးဆုံး တီကျစ်ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံသို့ ပို့ဆောင်သည်။ ဤလျှပ်စစ်စက်ရုံမှ တနှစ်လျှင် ကျောက်မီးသွေး ၆၄၀,၀၀၀ တန် အသုံးပြုနေပြီး၊ လျှပ်စစ် ၁၂၀ မဂ္ဂါဝပ် အားဖြင့် ၆၀၀ ဂိုက်ဂါဝပ် နာရီသန်းပေါင်းကို (Gigawatts hour) ထုတ်လုပ်နိုင်ပါသည်။ အဆိပ်သင့်စေသည့် ကျောက်မီးသွေးပြာမှုံများသည် နေ့စဉ်နှင့်အမျှ တန်ချိန် ၁၀၀–၁၅၀ ခန့် ထုတ်လုပ်နေပါသည်။ ဤစက်ရုံမှ ထုတ်လုပ်လိုက်သည့် လျှပ်စစ်အများစုကို ရှရှားနှင့် အီတလီကုမ္ပဏီများက ဆောင်ရွက်လည်ပတ်နေမည့် သံရိုင်းစက်ရုံသို့ ပေးပို့အသုံးချစေမည် ဖြစ်သည်။

(၅) ကျောက်မီးသွေးတွင်းနှင့် စက်ရုံကို တရုတ်နိုင်ငံ အမျိုးသား အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်း (China National Heavy Machinery Corporation - CHMC) က (၂၀၀၂ ခုနှစ်) စတင်၍ လည်ပတ်ဆောင်ရွက်နေခဲ့ပြီး၊ မြန်မာနိုင်ငံမှ ဒေင်အုပ်စု ကုမ္ပဏီနှင့် ရှမ်းရိုးမနဂါး ကုမ္ပဏီတို့က ဖက်စပ်ဆောင်ရွက်နေကြပါသည်။

(၆) စီမံကိန်းအနီးတွင် ရှိနေသည့် ရွာ (၂)ရွာဖြစ်သော လိုင်ခါးနှင့် တောင်ပို့လ ကျေးရွာများကို ဤစီမံကိန်းများအတွက် အတင်းအကျပ် ရွှေ့ပြောင်းစေခဲ့ပြီး၊ စိုက်ပျိုးမြေ ဧက ၅၀၀ ကျော်ကို သိမ်းယူခဲ့ပါသည်။ လယ်စိုက်ပျိုးလုပ်ကိုင်နေကြသည့် မိသားစုများမှာ နှင်ထုတ်ခံခဲ့ကြရပြီး၊ မြေယာဆုံးရှုံးခဲ့ရသည့်အတွက်ကြောင့် ဝတ်မွတ်ဆင်းရဲလာကြရပြီး လက်ရှိမှာ ထင်းခုတ်ရောင်းနေကြရသည်။ အချို့မှာ အခြားဒေသများသို့ ရေကြည်ရာ မြက်နုရာသို့ ရွှေ့ပြောင်းထွက်ခွာသွားကြရသည်။ ကျောက်မီးသွေးတွင်းမှ ဖောက်ခွဲမှု တုန်ခါသည့်အရှိန်ကြောင့် ဒေသရှိ ဘုရားစေတီလည်း ပြိုကျပျက်စီးခဲ့ရသည်။

(၇) လေထုနှင့် ရေထုညစ်ညမ်းမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျောက်မီးသွေးတွင်းမှ ဗဟိုပြုပြီး (၅)မိုင် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူ လူဦးရေပေါင်း ၁၂,၀၀၀ ကျော်၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ နောက်ဆုံးလူအများစုမှာ ဤနေရာမှ ရွှေ့ပြောင်း ထွက်ခွာကြရတော့မည် ဖြစ်ပါသည်။ ယခုအခါ ဒေသခံ ၅၀% ကျော်မှာ အရေပြားယားယံမှု ဝေဒနာများ ခံစားနေကြရပါသည်။

(၈) ပအိုဝ်းလူငယ်အဖွဲ့နှင့် ချိုစွာအဖွဲ့တို့ အနေဖြင့် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဤစီမံကိန်းများ၏ သက်ရောက်ထိခိုက် နစ်နာစေမှုကို စတင်လေ့လာခဲ့ပါသည်။ ဤစီမံကိန်းကြီးများတွင် ပါဝင်လုပ်ကိုင်နေကြသည့် အစိုးရများနှင့် ကုမ္ပဏီများကို လုပ်ငန်းများ ရပ်ဆိုင်းပေးရန်နှင့် ဘက်စုံ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက် နစ်နာနိုင်မှုအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပါရန် တောင်းဆိုအပ်ပါသည်။ မိမိတို့အဖွဲ့အနေဖြင့် တိုက်တွန်းလိုသည်မှာ ကျေးရွာလူထုများ အနေနှင့်လည်း စာချုပ်စာတန်းများကို မိမိတို့ သိရှိနားလည်ခြင်း မရှိဘဲ လက်မှတ် မရေးထိုး ပေးကြပါရန်နှင့် ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် သဘာဝရင်းမြစ်များကို အန္တရာယ်ဖြစ် ထိခိုက်စေမည့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများနှင့် အကျင့်ပျက်ခြစားမှုများကို ဆန့်ကျင်ကန့်ကွက်ကြပါရန် တိုက်တွန်းလိုပါသည်။



# အပိုင်း (၁)
# မြန်မာနိုင်ငံ၏ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားထုတ်စက်ရုံများ



## သဘာဝရင်းမြစ် ကြွယ်ဝသော်လည်း စွမ်းအင်ချို့တဲ့ဆင်းရဲနေသည့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် နိုင်ငံတခုဖြစ်ပြီး လူဦးရေ ၅၈. ၁၂ သန်း ရှိပါသည်။[၁] လူဦးရေ ၇၀% ကျော်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မှီခိုအားထားနေရသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည်။[၂] မြန်မာနိုင်ငံကို ၁၉၆၂ ခုနှစ်မှ စတင်၍ စစ်အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်လာခဲ့သည်။ ယခုတိုင် စစ်တပ်က အာဏာကို ဆက်လက်ချုပ် ကိုင်ထားဆဲရှိပြီး၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့က ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် စစ်တပ်ကို ကျောထောက်နောက်ခံ ပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကြီးက အနိုင်ရခဲ့သည် ဆိုသော်လည်း၊ မဲမသမာမှုများ အကျယ်အပြန့် ရှိခဲ့သည်ဟု စွပ်စွဲပြောဆိုနေကြသည်။

မြန်မာနိုင်ငံသည် စွမ်းအင်လောင်စာ ပေါကြွယ်ဝသော်လည်း၊ နိုင်ငံ၏လူထုများမှာ ကြာရှည်စွာ လောင်စာစွမ်းအင် ဆင်းရဲချို့တဲ့ခြင်းကို ခံစားနေရသည်။ အဓိကအားဖြင့် ထင်း၊ မီးသွေးနှင့် သဘာဝ လောင်စာများကိုသာ စွမ်းအင်အတွက် အဓိကထား အသုံးပြုနေကြရသည်။ အုပ်ချုပ်နေသည့် စစ်အစိုးရက နိုင်ငံတကာ ကုမ္ပဏီများနှင့် လောင်စာစွမ်းအင်များ တင်ပို့ရောင်းချရန် စာချုပ်များ ချုပ်ဆိုခဲ့ပြီး၊ အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် အိန္ဒိယ နိုင်ငံများသို့ လောင်စာစွမ်းအင် တင်ပို့ရောင်းချနေသည်။[၃] အထူးသဖြင့် သဘာဝဓာတ်ငွေ့ ကဲ့သို့သော သဘာဝအရင်း အမြစ်များ တင်ပို့ရောင်းချ၍ တိုင်းပြည်ဘဏ္ဍာသို့ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ငွေအမြောက်အများ ဝင်နေစေသော်လည်း၊ နိုင်ငံတဝှမ်းရှိ ကျန်းမာရေးနှင့် ပညာရေး စနစ်အတွက် ကောင်းစွာ အသုံးချခြင်း မရှိပါ။ ကမ္ဘာပေါ်တွင် ကျန်းမာရေး၊ ပညာရေးပံ့ပိုးမှု အနိမ့်ကျဆုံးနှင့် အဆိုးဆုံး အခြေအနေ တည်ရှိနေပါသည်။



သတ္တုတွင်းများ တူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် ရေကာတာ ရေအားလျှပ်စစ် လုပ်ငန်းများ တည်ဆောက်ခြင်း စသဖြင့် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲနေမှုကြောင့် ဒေသခံရပ်ရွာလူထုများအပေါ် ကြီးစွာ ထိခိုက်နစ်နာ စေပါသည်။ မူလကတည်းက မပြေမလည်ဖြစ်နေသည့် တိုင်းရင်းသားဒေသများတွင် ပို၍ ပဋိပက္ခများ ကြီးထွား လာစေပါသည်။ မြန်မာနိုင်ငံတွင် တရားဥပဒေနည်းကျ အုပ် ချုပ်မှုကင်းမဲ့နေသည့်အတွက်ကြောင့် ဤသို့သော စီမံကိန်းကြီးများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသော ကုမ္ပဏီများမှာ နစ်နာရသည့် ဒေသခံလူထုများအပေါ် တာဝန်ယူ တာဝန်ခံမှုအလျဉ်းမရှိဘဲ စိတ်တိုင်းကျ ဆောင်ရွက်နေနိုင်ကြပါသည်။ သို့အတွက်ကြောင့် ဤစီမံကိန်းကြီးများမှ ကြီးမားစွာ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အသက်မွေးဝမ်းကျောင်း ဆုံးရှုံးစေမှုများ ဖြစ်စေကာ၊ ဒုက္ခသည်များ ထွက်ပြေးရမှု၊ မြန်မာနိုင်ငံ နယ်စပ်ကိုဖြတ်ကျော်၍ အိမ်နီးချင်းနိုင်ငံများတွင် အလုပ်အကိုင်များ လာရောက်ရှာဖွေရန် ထောင်သောင်းနှင့်ချီသော လူငယ်များ ပြောင်းရွှေ့အခြေချရမှုတို့နှင့်လည်း တိုက်ရိုက်ပတ်သက်နေပါသည်။ သို့အတွက်ကြောင့် ဒေသအတွင်းတွင် လူကုန်ကူးမှု ဖြစ်ပေါ်စေရန်နှင့် လူအများအပြားပို၍ ထိခိုက်နစ်နာဖွယ် အကြောင်းများ ဖြစ်စေပါသည်။



မြန်မာပြည်ရှိ ပြည်သူအများစုသည်
ဖယောင်းတိုင်မီးကိုသာ အားထားနေရဆဲ

# မြန်မာနိုင်ငံရှိ ကျောက်မီးသွေးသတ္တုတွင်းများ

မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာန ဖော်ပြထားချက်အရ မြန်မာနိုင်ငံတွင် အဓိကကျောက်မီးသွေးသိုက်ကြီး ထွက်ရှိနိုင်သည့်နေရာ (၁၆)ခု ရှိသည်။ ၎င်းကျောက်မီးသွေးများ၏ စုစုပေါင်းကြွယ်ဝမှု တန်ချိန်သန်းပေါင်း ၂၇၀ ကျော် ရှိသည်။ အထူးသဖြင့် ဆပ်ဘစ်တူမိနပ်စ် (Sub-bituminous) အဆင့်ရှိ ကျောက်မီးသွေးများ ဖြစ်ပြီး၊ နိုင်ငံ၏ မြောက်ပိုင်းဒေသများတွင် အထူးသဖြင့် တည်ရှိနေသည်။ (ဖော်ပြပါ ဇယားကို ကြည့်ပါ။)

ကျောက်မီးသွေးသတ္တုတွင်း စီမံကိန်းများကို သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ အမှတ် (၃)သတ္တုတွင်းလုပ်ငန်းဌာနက စီမံဆောင်ရွက်ပြီး၊ ပြည်တွင်း–နိုင်ငံခြား ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်သည်။ ၂၀၁၁ ခုနှစ်တွင် သတ္တုတွင်းဝန်ကြီးဌာန၏ ဖော်ပြချက်အရ မြန်မာနိုင်ငံရှိ ကျောက်မီးသွေး သတ္တုတွင်းလုပ်ငန်းများကို နိုင်ငံတော်ပိုင်အနေဖြင့် ၂.၈ ％ လုပ်ကိုင်မည်ဖြစ်ပြီး၊ ဖက်စပ်လုပ်ငန်းများဖြင့် ၄၃. ၈၇％ ကိုသော်လည်းကောင်း၊ ပြည်တွင်းကုမ္ပဏီများက ၅၃.၃၂％ ကိုသော်လည်းကောင်း ထုတ်လုပ်သွားမည် ဖြစ်သည်။[၆] ဤလုပ်ငန်းများသည် နိုင်ငံတဝှမ်းရှိ ကျောက်မီးသွေးသိုက် ၈၂ နေရာတွင် ခွဲ၍ လုပ်ကိုင်မည် ဖြစ်သည်။[၇]

နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နေသည့် လုပ်ငန်းများတွင် အိမ်နီးချင်းနိုင်ငံများသို့ ကျောက်မီးသွေး တင်ပို့ရောင်းချ ခြင်းများလည်း တွဲ၍ ပါဝင်နေသည်။ ဥပမာအားဖြင့်– ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ ကျောက်မီးသွေး အများဆုံး ဝယ်ယူတင်သွင်းသော နိုင်ငံဖြစ်သည်။ ထိုင်းကုမ္ပဏီတခုဖြစ်သည့် စရာဘူရီ ကျောက်မီးသွေး ကုမ္ပဏီလီမိတက် (Saraburi Coal Co., Ltd.) သည် တနင်္သာရီတိုင်းရှိ မော့တောင် ကျောက်မီးသွေးသိုက်ကို ထုတ်လုပ်တူးဖော်ရန်နှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန် ခွင့်ပြုချက် ရထားသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းခုတ် (မိုးကုတ်) ဒေသမှ ကျောက်မီးသွေးများကိုလည်း ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည်ပင် ဖြစ်သည်။ ကျောက်မီးသွေး အရင်းအမြစ်များကို တခြားသောနိုင်ငံခြားဖက်စပ် ရင်းနှီးမြှုပ်နှံမှုများဖြင့် လည်ပတ်လုပ်ကိုင်နေသည့် စီမံကိန်းများ (ဥပမာ– မုံရွာကြေးစင်တောင်သတ္တုမိုင်း သို့မဟုတ် ပင်းပက် သံမဏိရည်ကြိုစက်ရုံ) တို့တွင် လောင်စာအဖြစ် အသုံးပြုရန်လည်း ထုတ်ယူကြသည်။ (ကျောက်မီးသွေးလောင်စာသုံး စက်ရုံများအခန်းတွင် ကြည့်ပါ။) ကျောက်မီးသွေးကို စက်မှုဇုန်များသို့ တင်ပို့သည့်အတွက်ကြောင့်လည်း မြန်မာနိုင်ငံမှ ထုတ်ခဲ့ပြီးသော ကျောက်မီးသွေးများကို သာမန်ပြည်သူများ သုံးစွဲနိုင်မည်လောမသိရှိနိုင်ပေ။ မြန်မာပြည်သူတို့မှာ နာတာရှည်သဖွယ် လောင်စာစွမ်းအင် ချို့တဲ့ ရှားပါးမှု၊ ပြတ်တောက်မှုများ ကြုံတွေ့ခံစားနေကြရပါသည်။



### မြန်မာနိုင်ငံရှိ အဓိက ကျောက်မီးသွေးသိုက်ကြီးများ[၆] (မြန်မာအစိုးရ ဖော်ပြထားချက်အရ)

| စဉ် | တည်နေရာ | မြို့နယ် | ပြည်နယ်–တိုင်း | တန်သန်းပေါင်း | ကျောက်မီးသွေး အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ပလူဇာဝါ/ ချောင်းဆုံ | ကလေးဝ–မော်လိုက် | စစ်ကိုင်း | ၈၉. ၀၀ | ဆပ်–ဘစ်တူမိနပ်စ် |
| ၂ | ကလေးဝ | ကလေးဝ | စစ်ကိုင်း | ၈၇. ၇၈ | ဆပ်–ဘစ်တူမိနပ်စ် |
| ၃ | ခါးသွေးကျောက် | တမူး | စစ်ကိုင်း | ၃၃. ၉၁ | ဆပ်–ဘစ်တူမိနပ်စ် |
| ၄ | မဟူတောင် | ကန္ဘီ | စစ်ကိုင်း | ၀. ၈၀ | လစ်ဂနိုက် |
| ၅ | ကျောက်တံခါး | နတ်မောက် | မကွေး | ၀. ၅၄ | ဆပ်–ဘစ်တူမိနပ်စ် |
| ၆ | မြန်နီ | ပေါင် | မကွေး | ၀. ၂၅ | ဆပ်–ဘစ်တူမိနပ်စ် |
| ၇ | သင်းပေါင် | ခင်ဦး | စစ်ကိုင်း | ၀. ၀၈ | လစ်ဂနိုက် |
| ၈ | ကြို့ပင် | ကောလင်း | စစ်ကိုင်း | ၀. ၀၃ | ဆပ်–ဘစ်တူမိနပ်စ် |
| ၉ | လွယ်ဂျယ် | မိုးမောက် | ကချင် | အမြောက် အများရှိနေ | – |
| ၁၀ | တီကျစ် | ပင်လောင်း | ရှမ်း | ၂၀. ၂၀ | လစ်ဂနိုက် |
| ၁၁ | ကျေးသီးမံစံ | ကျေးသီးမံစံ | ရှမ်း | ၃၇. ၀၀[၇] | ဆပ်–ဘစ်တူမိနပ်စ် |
| ၁၂ | နမ္မ | လားရှိုး | ရှမ်း | ၂. ၈၀ | လစ်ဂနိုက် |
| ၁၃ | ဆန်လောင် (ဆန်လော) | သီပေါ | ရှမ်း | ၁. ၆၀ | လစ်ဂနိုက် |
| ၁၄ | အင်းပင် | ကလော | ရှမ်း | ၀. ၂၂ | ဆပ်–ဘစ်တူမိနပ်စ် |
| ၁၅ | မော့တောင် | တနင်္သာရီ | တနင်္သာရီ | ၃. ၆၀ | ဆပ်–ဘစ်တူမိနပ်စ် |
| ၁၆ | သိမ်တော(ကော့မပြင်း) | တနင်္သာရီ | တနင်္သာရီ | ၂. ၀၀ | ဆပ်–ဘစ်တူမိနပ်စ် |
| | **စုစုပေါင်း** | | | **၂၇၇. ၈၁** | |


ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းခုတ် (မိုးကုတ်) ဒေသမှ တွေ့ရှိသည့် ကျောက်မီးသွေးသိုက်ကို ဖော်ပြထားသည့် အဓိက ကျောက်မီးသွေးသိုက်ကြီး (၁၆) ခုတွင် ပါဝင်ဖော်ပြထားခြင်း မရှိသော်လည်း မြန်မာနိုင်ငံရှိ အဓိက ကျောက်မီးသွေးသိုက်ကြီးတခု ဖြစ်သည်ဟု သိရှိရပါသည်။



### ပတ်ဝန်းကျင် အညစ်ညမ်းစေဆုံး ဖြစ်သည့် ကျောက်ဖြစ်ရုပ်ကြွင်း (ကျောက်မီးသွေး)

ကျောက်မီးသွေးသည် လွန်ခဲ့သည့် နှစ်သန်းနှင့်ချီသည့် ကာလက ပေါက်ဖွားရှင်သန်ပြီး၊ သေဆုံးခဲ့သော သစ်ပင်အကြွင်းအကျန်များမှ ဖြစ်ပေါ်လာသည့် ရုပ်ကြွင်းလောင်စာဖြစ်သည်။[၇] ကျောက်မီးသွေးသည် ကာဗွန်ဓာတ် အများဆုံး ပါဝင်သော ရုပ်ကြွင်းလောင်စာဖြစ်ပြီး၊ သဘာဝဓာတ်ငွေ့နှင့်ယှဉ်လျှင် လောင်စာစွမ်းအင် ယူနစ်ချင်းအတူတူ ထုတ်လွှတ်ပေးလျှင်သော်မှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် (CO2) ၇၀% အထိ ပို၍ လောင်ကျွမ်းထုတ်လွှတ်သည်။[၈] ဤကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ် များသည် လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး၊ သဘာဝပတ်ဝန်းကျင် ဖောက်ပြန်ပျက်စီးစေရန် အကြောင်းလည်း များစွာ ဖြစ်စေနိုင်ပါသည်။

| | လုပ်ငန်း/ကုမ္ပဏီ (သိရှိရသမျှ) | သတ္တုတွင်း တူးဖော်မှု အခြေအနေ |
|---|---|---|
| | | |
| | ထွန်းသွင်၊ ထူးသစ်နှင့် အမှတ်(၃) သတ္တုတွင်းဝန်ကြီး ဌာန | တူးဖော်ထုတ်လုပ်နေ |
| | အမ်အီးစီ | တူးဖော်ထုတ်လုပ်နေ |
| | | |
| | | |
| | | |
| | | |
| | | |
| | အမှတ်(၃)သတ္တုတွင်းဝန်ကြီးဌာန၊ ရောဝတီ မြစ်ပြာ Bamboo Result Co. Ltd. | တူးဖော်ထုတ်လုပ်နေ |
| | ရှမ်းရိုးမနဂါး၊ အေဒင်အုပ်စု၊ ရွှေသံလွင် | တူးဖော်ထုတ်လုပ်နေ |
| | | |
| | အမှတ် (၃)သတ္တုတွင်းဝန်ကြီး ဌာန | |
| | အေသုံးလုံး အင်တာနေရှင်နယ် | တူးဖော်ထုတ်လုပ်နေ |
| | | တူးဖော်ထုတ်လုပ်နေ |
| | စရာဘူရီ၊ အမ်အီးစီ | |
| | | |
| | | |








### ပတ်ဝန်းကျင် အညစ်ညမ်းစေဆုံး ဖြစ်သည့် ကျောက်မီးသွေး (လစ်ဂနိုက်)

ကျောက်မီးသွေး အဓိကအားဖြင့် (၄)မျိုး ရှိသည်။ မာကျစ်သော အနက်ရောင် အင်သရာဆိုက် နှင့် ဘစ်တူမိနပ်စ် (anthracite and bituminous) မှသည် ပျော့သော အညိုရောင် ကျောက်မီးသွေးများ ဆပ်–ဘစ်တူမိနပ်စ် နှင့် လစ်ဂနိုက် (bituminous and lignite) အထိ ရှိသည်။[၁၀] ပျော့၍ အညိုရောင်ရှိ သော လစ်ဂနိုက်ကျောက်မီးသွေးသည် ကျောက်မီးသွေးများ အားလုံးအနက် ပတ်ဝန်းကျင် အညစ်ညမ်းစေဆုံး ဖြစ်သည်။ လောင်စာစွမ်းအင် တယူနစ်ထုတ်လုပ်သမျှတွင် အခြားကျောက်မီးသွေးများထက် ကာဗွန်ဒိုင်အောက်ဆိုဒ် အများဆုံး ထွက်စေသည်။ လစ်ဂနိုက် ကျောက်မီးသွေးများသည် အခြားကျောက်မီးသွေးများထက် စာလျှင် အလိုအလျောက် လောင်ကျွမ်း ပေါက်ကွဲစေတတ်သည်။

# မြန်မာနိုင်ငံ၏ ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံစီမံကိန်းပြမြေပုံ





## ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်စက်ရုံတွင် ထုတ်လွှတ်မှု အဆင့်များ

လျှပ်စစ်ထုတ်လုပ်ရန် ကျောက်မီးသွေးကို အသုံးချသည့်အခါ ယေဘုယျအားဖြင့် ၎င်းကို ကြိတ်၍ ဘွိုင်လာအိုးဖြင့် လျော်သည့် ဒယ်အိုးထဲတွင် လောင်ကျွမ်းစေပါသည်။ သတ္တုမီးအိုး ထဲမှ အပူသည် ဘွိုင်လာအတွင်းမှ ရေကို ရေနွေးငွေ့အဖြစ် ပြောင်းစေသည်။ ရေနွေးငွေ့ဖြင့် တာဘိုင်များကို လည်ပတ်စေ၍ ထို့နောက် ဂျင်နရေတာများမှ လျှပ်စစ်ကို ထုတ်လွှတ်ပေးသည်။ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ထုတ်စက်ရုံများသည် ရေနွေးငွေ့အားသုံးစက်များ ဖြစ်ကြသည်။ ကျောက်မီးသွေးကို သတ္တုမီးအိုးအတွင်း လောင်ကျွမ်းစေသည့်အခါ အဆိပ်သင့်စေသော ညစ်ညမ်းပစ္စည်းများ စွန့်ထုတ်သည်။ ၎င်းတို့ကို ကျောက်မီးသွေးပြာမှုန်များဟု ခေါ်ပြီး၊ အနယ်ပြန်ကျစေသည်။ (ကျောက်မီးသွေး ပြာမှုန်များအကြောင်းကို ကြည့်ပါ။) မီးအိုးထဲမှ ထွက်လာသော မီးခိုးငွေ့များကို ကောင်းကင်သို့ မီးခိုးခေါင်းတိုင်မှတဆင့် ထုတ်လွှတ်သည်။ ဤမီးခိုးငွေ့များတွင် အဆိပ်သင့်စေသည့် ဓာတ်ငွေ့များပါဝင်ပြီး၊ လူတို့၏ ကျန်းမာရေးကို ထိခိုက်စေပြီး အက်ဆစ်မိုးအဖြစ် ပြန်၍ ရွာသွန်းစေသည်။

## မြန်မာနိုင်ငံရှိ ကျောက်မီးသွေး လောင်စာသုံး ရေနွေးငွေ့ လျှပ်စစ်ဓါတ်အားပေးစက်ရုံများ


မြန်မာနိုင်ငံတွင် ကျောက်မီးသွေး လောင်စာသုံး၍ လျှပ်စစ်ထုတ်သော စက်ရုံများကို သမိုင်းတွင် ရှိခဲ့ဖူးပါသည်။ ဗြိတိသျှကိုလိုနီ အုပ်ချုပ်စဉ်ကာလ၌ (၃၀) မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် စက်ရုံကို ရန်ကုန်မြို့ အလုံတွင် တည်ဆောက်ထားခဲ့ဖူးသည်။ ဤစက်ရုံ ကို ၁၉၉၀ ခုနှစ်တွင် ပိတ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓါတ်အားကို ကျောက်မီးသွေးလောင်စာမှ ၃. ၃၂ % ကိုသာ သုံး၍ ထုတ်လုပ်သည်။[၁၁] သို့သော်လည်း ဤထုတ်လုပ်မှုများမှာ လူနေအိမ်သုံးအတွက်မဟုတ်ဘဲ အခြားသတ္တုတွင်း လုပ်ငန်းများတူဖော်ရေးတွင် ဆက်၍ အသုံးချရန်သာ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျောက်မီးသွေး လောင်စာဖြင့် ထုတ်မည့် စက်ရုံများမှ လျှပ်စစ်များကို ပြည်တွင်းရှိ နိုင်ငံခြားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းများနှင့် စက်မှုဇုန်များသို့ ထောက်ပံ့ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ လျှပ်စစ်စွမ်းအင် တင်ပို့ရောင်းချရန် ဖြစ်သည်။ (မြေပုံကို ကြည့်ပါ။)

## မြန်မာနိုင်ငံ၏ အရှေ့တောင်အာရှ အကြီးဆုံးကျောက်မီးသွေးစက်ရုံစီမံကိန်း

ထိုင်းနိုင်ငံ ဆောက်လုပ်ရေး ကုမ္ပဏီကြီးတခုဖြစ်သည့် အီတာလျံထိုင်းကုမ္ပဏီ (Italian-Thai Development Plc.) သည် ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် ထားဝယ်ရေနက်ဆိပ်ကမ်း ဆောက်လုပ်ရန်အတွက် မြန်မာအစိုးရနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤအစီအစဉ်တွင် အရှေ့တောင်အာရှ၏ အကြီးဆုံး ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံ (၄,၀၀၀ မဂ္ဂါဝပ်) ကို တည်ဆောက်ရန် အစီအစဉ် ပါဝင်ပါသည်။ ဤအစီအစဉ်ကို ဆန္ဒပြမှုများ၊ တရားရုံး ရင်ဆိုင်ရမှုများကြောင့် အချိန်ကြာမြင့် ဖင့်လေးနေခဲ့ရသည့် ထိုင်းနိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သည့် ရာယောင်း (Rayong) ရှိ မေတ္တာဖွတ် ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်စက်ရုံ၏ အမှုရှိနေသည့်ကြားမှ အကောင်အထည်ဖော်လာခြင်း ဖြစ်သည်။ ထားဝယ်တွင် ဤစက်ရုံတည်ဆောက်မှုသည် ထိုင်းတို့အတွက် ပို၍ သဘောတွေ့စရာ ဖြစ်သည်။ အကြောင်းမှာ သဘာဝပတ်ဝန်းကျင် စောင့်ကြည့်လေ့လာနေသူများ၏ မျက်စေ့အောက်မှ ကင်းလွတ်မည် ဖြစ်ပြီး၊ မြန်မာစစ်အစိုးရလည်း ဤစီမံကိန်းနှင့် ပတ်သက်လာသည့် မြေယာများပေါ်တွင် နေထိုင်သည့် ဒေသခံများကို လွယ်ကူစွာ နှင်ထုတ်နိုင်သောကြောင့် ဖြစ်ပါသည်။[၁၄]



တည်ဆောက်မည့် ထားဝယ်ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံအတွက် စီမံကိန်း အစီအစဉ်ပြဇယား



# အပိုင်း (၂)
# တီကျစ်ကျောက်မီးသွေးစီမံကိန်း





တီကျစ်အနီးတွင် ငရုတ်သီးလှမ်းနေကြပုံ



တီကျစ်ရွာအပြင်က ငရုတ်စိုက်ခင်း

## တီကျစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများ

လူဦးရေ ၃,၀၀၀ ခန့်နေထိုင်သည့် တီကျစ်ကျေးရွာသည် တောင်ကြီး–ပင်လောင်း–နေပြည်တော် ကားလမ်းမကြီးပေါ်တွင် တည် ရှိ၍၊ ရှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့နယ်အထဲတွင် တည်ရှိပါသည်။ ၎င်းသည်အင်းလေးကန်၏ အနောက်တောင်ဖက် (၁၃) မိုင်အကွာ၊ ကလောမြို့၏ တောင်ဖက် (၂၂) မိုင်အကွာတွင် တည်ရှိပါသည်။ ကလောနှင့်အင်းလေးကန်သည် နိုင်ငံခြားခရီးသွားများအတွက် လည်ပတ်စရာ နေရာများ ဖြစ်ပါသည်။ တီကျစ်ကျေးရွာလူထု အများစုမှာ ရှမ်း၊ ပအိုဝ်း၊ တောင်ရိုး၊ ဗမာတိုင်းရင်းသားများ ဖြစ်သည်။ အများအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။ အသက် (၄၀) အထက် ကျေးရွာလူထုအများစုမှာ မြန်မာစာကို အရေးအဖတ် တတ်ကျွမ်းမှု မရှိကြပါ။

တီကျစ်နှင့် ပင်လောင်းမှ ထုတ်လုပ်သည့် လက်ဖက်သည် မြန်မာနိုင်ငံတွင် နာမည်ကြီးပါသည်။ ထို့အပြင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးဈေးကွက်များသို့ အာလူး အများအပြား ထုတ်လုပ်တင်ပို့နေသည့် ဒေသလည်း ဖြစ်သည်။ ရာသီအလိုက် ဆန်စပါး၊ အာလူး၊ ကော်ဖီထုပ်၊ ကြက်သွန်ဖြူ၊ ဂျုတ်သီး၊ လက်ဖက်များစိုက်၍ အသက်မွေးကြပြီး၊ ဘီလူးချောင်းနှင့် နောင်တရားမှ စီးဆင်းလာသည့် စမ်းချောင်းရေကို အသုံးပြုကြသည်။ တီကျစ်ဒေသသည် အင်းလေးကန်၏ ရေဝေရေလဲ ဆောင်ရွက်ပေးနေသည့်  ဧရိယာ ၁,၄၂၂ စတုရန်းမိုင်ကျယ်ဝန်းသော ဒေသအတွင်းတွင် တည်ရှိနေပါသည်။ တီကျစ် ကျောက်မီးသွေးတွင်းမှ ဗဟိုပြု၍ (၅)မိုင်ပတ်လည် အတွင်းရှိ ဤဒေသတွင် ကျေးရွာ (၂၅)ရွာ  (လူဦးရေ ခန့်မှန်း ၁၂,၀၀၀ ကျော်) နေထိုင် ကြပါသည်။[၂၁]

## အထက် ဘီလူးချောင်း

အင်းတိန်ချောင်းဟုလည်း ခေါ်ဆိုကြသည့် ဘီလူးချောင်းသည် ပင်လောင်းမြို့၏ အနောက်မြောက်ဖက်တွင် မြစ်ဖျားခံ၍ စတင်စီးဆင်းသည်။ မိုင် (၄၀)ခန့် စီးဆင်းလာပြီးနောက် အင်းလေးကန်၏ အနောက်ဖက်သို့ ပေါင်းဝင်သည်။[၂၂] အထင်ကရ အင်းလေးကန်သို့ စီးဝင်သည့် ချောင်း (၃)ခုအနက် တခုဖြစ်သည်။ (အောက်တွင် ဖော်ပြထားသည်) ချောင်းဖြတ်သန်းစီးဆင်းရာ တလျှောက်ရှိ ကျေးရွာများသည် ချောင်းရေကို စိုက်ပျိုးရေးအတွက်သာ မကဘဲ၊ သုံးရေနှင့် သယ်ယူပို့ဆောင်ရေးအတွက်လည်း အသုံးပြုကြသည်။

ရွာသားများက ရိုးရာအရ ဝါးများဖြင့် ချောင်းတလျှောက်တွင် တာတမံငယ်များ တုတ်ကာ စိုက်ခင်းများထဲသို့ ရေပေးသွင်းသည်။ သို့သော်လည်း အစိုးရက အထက်ဘီလူးချောင်းတွင် မဂ္ဂါဝပ် (၂၉) ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ် စီမံကိန်းကို နီအို စွမ်းအင် အိုအေစစ် တည်ဆောက်ရေးကုမ္ပဏီ (NEO Energy Oasis Development Company) နှင့် တည်ဆောက်နေသည်။[၂၃] ဤဆည်သည် ရှေးဟောင်း ရွှေအင်းတိန်ဘုရား၊ နာမည်ကြီး အင်းလေးဖောင်တော်ဦးစေတီနှင့် တစ်မိုင်မျှပင် မဝေးသည့် နေရာတွင် တည်ရှိနေသည်။ ဤဆည်တည်ဆောက်မှုကြောင့် အင်းလေးကန် ရေမျက်နှာပြင် အမြင့် မည်သို့မည်ပုံ ပြောင်းလဲသွားမည်ကို မသိရှိနိုင်သေးဘဲ ရှိနေသည်။ လူအများ ထိခိုက်နစ်နာနိုင်ခြေ သက်ရောက်မှုများနှင့် ပတ်သက်၍ အကဲဖြတ်စုံစမ်း စစ်ဆေးမှုများလည်း ပြုလုပ်မှုမရှိသေးပါ။



တီကျစ်ဈေးတွင် ရောင်းချနေသည့်ဒေသတွင်း ချောင်းမြောင်းများမှ ဖမ်းဆီးရမိသည့်ငါးများ



အင်းလေးကန်သို့ အဓိကစီးဝင်သည့် အထက်ဘီလူးချောင်း






## အင်းလေးကန်


အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ရေချိုကန် ဖြစ်ပြီး၊ နိုင်ငံခြားဧည့်သည် အများဆုံး သဘောကျနှစ်ခြိုက်လည်ပတ်ရာ နေရာလည်း ဖြစ်သည်။ ယင်းကန်ကို အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) ၏ ထိန်းသိမ်းရမည့် အမွေအနှစ်ဥယျာဉ်များ စာရင်းတွင်လည်း ထည့်သွင်းထားသည်။ အင်းသားတံငါများ၏ ထူးခြားသည့် ခြေထောက်တဖက်ဖြင့် လှေလှော်ဟန်ကြောင့်လည်း ထင်ရှားသည်။

အင်းလေးကန်တွင် သဘာဝဇီဝသတ္တမျိုးကွဲများ ကြွယ်ဝစွာ တည်ရှိနေသည်မှာလည်း အထူးတန်ဖိုးထားကြသည်။ ကမ္ဘာပေါ်တွင် မည်သည့်နေရာမှ မတွေ့ရှိရသော ငါးမျိုး (၉) မျိုးကိုလည်း အင်းလေးကန်တွင်သာ ပေါက်ဖွားနေထိုင်ကြသည်ကို တွေ့ရှိကြရသည်။[၂၄] ယင်းကန်တွင် ငှက်မျိုးစိတ်များလည်း စုံလင်ပေါကြွယ်လှသည်။ မှတ်တမ်းများအရ ငှက်မျိုးစိတ် (၂၅၄) မျိုး နေထိုင်သည်ကို တွေ့ရှိရသည်။[၂၅] အင်းလေးကန်ဒေသတွင် ကျေးရွာ (၈၀၀) ခန့် တည်ရှိနေထိုင်နေပြီး၊ စုစုပေါင်း လူဦးရေ ၁၇၀,၀၀၀ ခန့် မှီတင်းနေထိုင်ကြသည်။

အင်လေးကန်သည် မြစ်ချောင်း ၂၉ ခုစီးဝင်နေသည့်အနက် ဘီလူးချောင်းနှင့် သန်းတောင်ချောင်း (ကလောချောင်း)၊ နမ့်ကတ်ချောင်းတို့သည် အင်းလေးကန်ထဲသို့ အဓိကစီးဝင်သည့် မြစ်ချောင်းများ ဖြစ်သည်။[၂၆] ဘီလူးချောင်းဝသည် အင်းလေးကန်ရှိ ငါးမျိုးများ အထူး မှီတင်းနေထိုင်ကြရာ နေရာများအနက်တစ်နေရာ ဖြစ်သည်။[၂၇]

အင်းလေးကန်၏ ရေမျက်နှာပြင် ဖုံးလွှမ်းမှုဧရိယာနှင့် ရေ၏ အရည်အသွေးမှာ တဖြည်းဖြည်းချင်း ယုတ်လျော့ကျဆင်းနေကာ၊ အထူးသဖြင့် ရေပေါ်ကျွန်းမျောများရှိ စိုက်ပျိုးရေးလုပ်ငန်းတွင် ဓာတုဗေဒ မြေသြဇာများနှင့် ပိုးသတ်ဆေးများ အသုံးပြုနေမှု ကြောင့် ဖြစ်သည်။[၂၈] ၂၀၁၀ ခုနှစ် နွေရာသီတွင် နှစ် (၅၀) တွင်း ရေမျက်နှာပြင် အနိမ့်ဆုံးအထိ ကျ၍ ဆိုးရွားစွာ ခမ်းခြောက်လာခဲ့သည်။[၂၉] ရေထုညစ်ညမ်းမှုပိုလာခြင်းနှင့် ရေမျက်နှာပြင်ကျဆင်း ခမ်းခြောက်လာခြင်းကြောင့် အင်းလေးကန်၏ အနာဂတ်နှင့် ပတ်သက်၍ များစွာ မေးခွန်းထုတ်ဖွယ် ရှိနေသည်။

# တီကျစ်ကျောက်မီးသွေး စီမံကိန်းနှင့် အင်းလေးကန်မြေပုံ



## တီကျစ် ကျောက်မီးသွေးသတ္တုတွင်း

တီကျစ် ကျောက်မီးသွေးသတ္တုတွင်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးအပွင့်ကျောက်မီးသွေးတွင်း ဖြစ်ပြီး နေ့စဉ် ကျောက်မီးသွေး တန် ၂,၀၀၀ ခန့် ထုတ်လုပ်နေပါသည်။ အဓိက ကျောက်မီးသွေးတွင်းမှာ မြေပေါ် အပွင့် တူးဖော်ထုတ်လုပ်ခြင်း ဖြစ်ပြီး၊ ၎င်းသည်မြေမျက်နှာပြင် ၅၀၀ ဧက အထိ ကျယ်ဝန်းပြီး ဆက်လက်ချဲ့ထွင်ရန်လည်း ရှိပါသည်။ ထို့အပြင် ကျောက်မီးသွေးပမာဏ အနည်းငယ်ကိုလည်း မြေအောက်လှိုဏ်ခေါင်း စနစ်ဖြင့် တူးဖော်ထုတ်လုပ်နေပါသည်။ ဤလှိုဏ်ခေါင်းများမှာ စိုက်ခင်းများအောက်တွင် (၄) မီတာ အကျယ် တွင်းများဖြင့် တူးဖော်ထုတ်လုပ်နေခြင်း ဖြစ်သည်။



မြေမျက်နှာပြင် အပွင့်စနစ် ကျောက်မီးသွေးသတ္တုတွင်း

### မြေမျက်နှာပြင် အပွင့်သတ္တုတူးဖော်ခြင်း

၂၀၀၂ ခုနှစ်တွင် တူးဖော်မှုကို မြေမျက်နှာပြင်အပွင့်စနစ်ဖြင့် စတင်စီစဉ်ခဲ့သည်။ စက်ယန္တယားကြီးများဖြင့် သစ်ပင်များ၊ ခြုံပုတ်များကို ရှင်းလင်းပစ်ပြီး၊ မြေပြင် အပေါ်ယံလွှာကို ဖယ်ရှားပစ်ခဲ့သည်။ ဤလုပ်ငန်းစဉ်တွင် များစွာသော စိုက်ပျိုးရေး လုပ်ငန်းများ ပျက်စီးကြရသည်။ ထို့နောက် အလုပ်သမားများက ဒိုင်းနမိုက်ယမ်းကို အသုံးပြု၍ မြေကို ဖောက်ခွဲပြီး၊ အပွင့်ကျင်း ပြုလုပ်ပစ်သည်။ ပေါက်ကွဲတုန်လှုပ်မှုများကြောင့် မြေများ ပြိုကျကုန်သည်။ ဤပေါက်ကွဲမှုများ၏ တုန်ခါအားကြောင့် တီကျစ် ကျေးရွာရှိ အိမ်များ၊ အဆောက်အဦးများ အက်ကွဲကုန်ကြရသည်။

### အချက်အလက်များ
### တီကျစ် မြေပေါ်အပွင့် ကျောက်မီးသွေးတူးဖော်ခြင်း

| | |
|---|---|
| စတင် ရှာဖွေတွေ့ရှိမှု | ၁၉၈၉ ခုနှစ် |
| မြေမျက်နှာပြင်အပွင့်စနစ်ဖြင့် တူးဖော်ရန် စတင်ပြင်ဆင်ခြင်း | ၂၀၀၂ ခုနှစ် |
| ထွက်ရှိနိုင်သော ကျောက်မီးသွေးပမာဏ | ၂၀. ၇ တန်သန်းပေါင်း[၃၀] |
| ကျောက်မီးသွေးဖုံးလွှမ်းမှု ပမာဏ | ၅၄၄ ဧက |
| ကျောက်မီးသွေး အမျိုးအစား | လစ်ဂနိုက်နှင့် ဆပ်–ဘစ်တူမိနပ်စ်[၃၁] |
| တူးဖော်မှုစနစ် | မြေမျက်နှာပြင် အပွင့်သတ္တုမိုင်းနှင့် မြေအောက် ဥမင်လှိုင်ခေါင်းဖြင့် တူးဖော်ခြင်း |
| နေ့စဉ် ထုတ်ယူသည့် ပမာဏ | တနေ့လျှင် ကျောက်မီးသွေး ၁, ၇၅၀ မှသည် ၂, ၀၀၀ တန် |
| ကျောက်မီးသွေးသိုက် တည်ရှိနေမှု ပမာဏ | အရှည် ၂ မိုင်ခန့်နှင့် အနက် ၆ ပေမှ ၆၉ ပေအထိ။[၃၂] |
| ကျောက်မီးသွေးကို အသုံးပြုပုံ | ကျောက်မီးသွေးတွင်းမှ တစ်မိုင်ခွဲ အကွာတွင် ရှိသော တီကျစ် ကျောက်မီးသွေး လောင်စာသုံး ရေနွေးငွေ့ လျှပ်စစ်ဓါတ်အားပေးစက်ရုံသို့ ထရပ်ကားများဖြင့် တင်ပို့သည်။ ထို့အပြင် (၆)ကီလိုမီတာ (conveyer belt) စက်ခါးပတ်ကြိုးဖြင့်လည်း တင်ပို့သည်။ |
| တူးဖော်ရေးတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ | အမေရိကန်ဒေါ်လာ ၁၀ သန်း |




## မြေအောက် ဥမင်ဖြင့် တူးဖော်ခြင်း

မြေမျက်နှာပြင်အပွင့်စနစ်ဖြင့် တူးဖော်ရန် မစီစဉ်မီက၊ မြန်မာစစ်တပ်မှ စစ်သားများက နောင်တရားနှင့် တီကျစ်ရွာ အနီးရှိ ဒေသခံများ၏ လယ်မြေများအောက်တွင် မြေအောက် ဥမင်များဖြင့် စတင်၍ တူးကြသည်။ ရွာသားများသည် စစ်သားများကို ကြောက်ရွံ့သောကြောင့် မည်သူတဦးကမျှ စောဒကမတက်ရဲကြပေ။ ရွာသားများသည် ဗမာစစ်သားများ၏ ခြိမ်းခြောက်မှုကို ခံရသည့်အပြင် လယ်ယာမြေများပါ ဖျက်စီးစေခြင်းကို ခံခဲ့ကြရသည်။ ထို့နောက် မြန်မာနိုင်ငံအလယ်ပိုင်းမှ အလုပ်သမားများ ခေါ်ဆောင်လာပြီး၊ ဥမင်များဖြင့် ကျောက်မီးသွေးများ တူးဖော်ထုတ်လုပ်ကြသည်။ လက်ဖက်ခင်းများနှင့် စပါးခင်းများ အောက်ရှိ ကျောက်မီးသွေးကြောများကို မြေအောက်ဥမင်စနစ်ဖြင့် တူးဖော်ကြပြီး ရလာသည့် ကျောက်မီးသွေးများကို လယ်ကွင်းယာကွင်းများ ဘေးပါတ်ဝန်းကျင်တွင် ပုံထားကြသည်။ ထို့ကြောင့် မြေဆီဓာတ် ပျက်စီးစေပြီး နောက်ထပ် သီးနှံစိုက်ပျိုးရေးလုပ်ကိုင်ရန် အခြေအနေလည်း ယိုယွင်းပျက်စီးလာစေ တော့သည်။ ယနေ့ကာလတွင် မြေအောက် ဥမင်ဖြင့် ကျောက်မီးသွေးတူးဖော် ထုတ်ယူနေခြင်းကို ပြုန်းတန်ကျေးရွာ စေတီ၏ မြောက်ဖက်၊ ဖရာ့ဖြိန်းကျေးရွာ အရှေ့ဖက်၊ နောင်တရားမြို့၏ အရှေ့ဖက်နှင့် ဆောင်းပြောင်းရွာအနီးတွင် တူးဖော် ဆောင်ရွက်နေ ကြသည်။



မြေအောက်လှိုင်ဂူသတ္တုမိုင်းစနစ်သည်
လယ်ကွင်းများကို ပျက်စီးစေခြင်း

## တီကျစ်ကျောက်မီးသွေးသတ္တုတွင်းနှင့် စက်ရုံစီမံကိန်းပြမြေပုံ




## ရင်းနှီးမြှုပ်နှံသူများ

ဤကျောက်မီးသွေးတွင်းကို မူလက တရုတ်နိုင်ငံ အမျိုးသား အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်း (China National Heavy Machinery Corporation - CHMC)နှင့် ရှမ်းရိုးမနဂါး ကုမ္ပဏီ[၃၃]၊ အမှတ်(၃) မြန်မာ့သတ္တုလုပ်ငန်းဌာန၊ ရွှေသံလွင် ကုမ္ပဏီ၊ အရှေ့ဖျားဖွံ့ဖြိုးရေးကုမ္ပဏီ၊ ဒေင်အုပ်စုကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီနှင့် အထူးဒေသ(၆) စီးပွားရေးလုပ်ငန်းတို့က စာချုပ်ချုပ်ဆိုခဲ့သည်[၃၄]။ တူးဖော်ထုတ်လုပ်မှု (၂)နှစ် ခန့်အကြာတွင်၊ ရွှေသံလွင်၊ အေဝမ်းနှင့် အထူးဒေသ (၆) စီးပွားရေးလုပ်ငန်းတို့က စီမံကိန်းလုပ်ငန်းမှ အမြတ်မရရှိသောကြောင့် စာချုပ်မှ ပြန်လည်နုတ်ထွက်သွားကြသည်။ ထို့အပြင် ၂၀၁၀ ခုနှစ် ဧပြီလတွင် ရှမ်းရိုးမနဂါးကုမ္ပဏီက ၎င်း၏ အစုရှယ်ယာများကို ဒေင်အုပ်စု ကုမ္ပဏီသို့ ပြန်လည် လွှဲပြောင်းရောင်းချသည်ဟူသော ကောလာဟလများလည်း ရှိခဲ့သည်။ သို့သော်လည်း ဤသတင်းနှင့် ပတ်သက်၍ တရားဝင် အတည်ပြုချက်ရယူနိုင်ခြင်းမရှိပါ။[၃၅] တရုတ်နိုင်ငံ CHMCကုမ္ပဏီ အင်တာနက်စာမျက်နှာတွင်ဖော်ပြ ထားချက်များအရ ဤကုမ္ပဏီက မြန်မာနိုင်ငံတွင် မြေပေါ်အပွင့် မိုင်းတူးဖော်ခြင်း လုပ်ကိုင်နေသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ကုမ္ပဏီစာချုပ်သက်တန်းတိုးမှုနှင့် နောက်ထပ် အခြေအနေများကို အတည်ပြုနိုင်ခြင်း မရှိပါ။



တီကျစ်ကျောက်မီးတွင်း စီမံကိန်းအတွက် ဒေင်ကုမ္ပဏီဆိုင်းဘုတ်



## တီကျစ် ကျောက်မီးသွေးလောင်စာသုံး ရေနွေးငွေ့ လျှပ်စစ်ဓါတ်အားထုတ်စက်ရုံ

တီကျစ်စက်ရုံသည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်ဓါတ်အားထုတ်စက်ရုံ ဖြစ်ပါသည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် စစ်အစိုးရ၏ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်အေးက ဤဒေသသို့ ရောက်ရှိလာပြီး စက်ရုံတည်ဆောက်ရန် နေရာရွေးချယ်ပေးခဲ့ပါသည်။ ဒေသခံ တပ်ဖွဲ့များကိုလည်း ဒေသတွင်း စိုက်ပျိုးမြေ ဧက ၁၀၀ ကျော်ကို သိမ်းယူရန်အတွက် အမိန့်ပေးခဲ့ပါသည်။ လျော်ကြေး တပြားတချပ်မှ ပြန်လည်ပေးအပ်ခဲ့ခြင်း မရှိပါ။ တရုတ်နိုင်ငံ၏ (CHMC) ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ ဒေင်အုပ်စု ကုမ္ပဏီတို့က စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် စက်ရုံကို စတင်တည်ဆောက်ခဲ့ကြပါသည်။ ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် စက်ရုံကို စတင်တည်ဆောက်ခဲ့ပြီး၊ ၂၀၀၅ ခုနှစ် ဧပြီလတွင် တည်ဆောက်မှု ပြီးဆုံးခဲ့ပါ သည်။[၃၆]

ဤစက်ရုံတွင် ၆၀ မဂ္ဂါဝပ်ရှိ တာဘိုင် (၂)လုံး ပါဝင်ပြီး၊ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၆၀၀ ဂီဂါဝပ် နာရီသန်းပေါင်း (Gwh) ထုတ်ပေးနိုင်ပါသည်။ နှစ်စဉ်ကျောက်မီးသွေး ၆၄၀,၀၀၀ တန်ကို (၁)မိုင်ခွဲကွာဝေးသည့် တီကျစ်လျှပ်စစ်ဓါတ်အားထုတ် စက်ရုံသို့ ပို့ဆောင်ပေးသည်။[၃၇] ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ကလောရှိ မဟာဓာတ်အားခွဲစက်ရုံသို့ တင်ပို့ ခဲ့သည်။ မဇ္ဈိမသတင်းဌာန၏ အဆိုအရ လျှပ်စစ်ဓာတ်အား ၆၅ မဂ္ဂါဝပ်ကို ပင်းပက် သံရည်ကြိုစက်သို့ ပေးပို့မည်ဟု သိရသည်။ (ဇယားတွင် ကြည့်ပါ)။[၃၈] ဤလျှပ်စစ်စက်ရုံမှ ထွက်ရှိလာသည့် ဓာတ်အားများကို ၎င်း၏အနီးရှိ နဂါးဘိလပ်မြေစက်ရုံသို့ တင်ပို့ပေးနေသည်ဟုလည်း သိရှိရသည်။[၃၉] တီကျစ်လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသည့် လျှပ်စစ်ကို သဘာဝ အရင်းအမြစ်များ ပိုမိုထုတ်လုပ် အသုံးချ ဖျက်ဆီးမည့် ကုမ္ပဏီ များထံသို့ပင် ဆက်လက်ထောက်ပံ့ပေးဦးမည် ဖြစ်သည်။

**တီကျစ် ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်ဓါတ်အားစက်ရုံ အချက်အလက်များ။**

| | |
|---|---|
| လျှပ်စစ် ဓာတ်အားပေးစက်ရုံ လုပ်ကိုင်နေသူများ | တရုတ်နိုင်ငံ အမျိုးသား အကြီးစားစက်မှုလုပ်ငန်း ကော်ပို ရေးရှင်း ကုမ္ပဏီ (CHMC)၊ မြန်မာနိုင်ငံမှ အေဒင်အုပ်စု ကုမ္ပဏီ၊ မြန်မာလျှပ်စစ်စွမ်းအား လုပ်ငန်း (MEPE) |
| ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ပမာဏ | အမေရိကန်ဒေါ်လာ ၄၂. ၈၃ သန်း[၄၀] |
| လျှပ်စစ်ထုတ်လုပ်မှု ပမာဏ | ၁၂၀ မဂ္ဂါဝပ်။ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၆၀၀ ဂျစ်ဂါဝပ် နာရီသန်းပေါင်းကို ထုတ်လုပ်ပေးနိုင်သည်။ |
| နှစ်စဉ်သုံးစွဲသောကျောက်မီးသွေးပမာဏ | တနှစ်လျှင် ကျောက်မီးသွေး ၆၄၀,၀၀၀ တန်[၄၁] |
| နေ့စဉ်ကျောက်မီးသွေးပြာထုတ်လုပ်မှုပမာဏ | ၁၀၀ မှ ၁၅၀ တန်[၄၂] |
| ရေနွေးငွေ့အတွက်ရယူသုံးစွဲသောရေ | အင်းလေးကန်ထဲသို့ စီးဝင်သော အထက်ဘီလူးချောင်း၊ |

## ဒေသခံ ပြည်သူများအတွက် လောင်စာစွမ်းအင် အခြေအနေ

ဤလျှပ်စစ် စီမံကိန်းမှနေ၍ တီကျစ်ကျေးရွာ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားတချို့ ထောက်ပံ့ပေးသော်လည်း၊ ကျေးရွာလူထုများ၏ မြေယာများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးပျက်စီးကြရပါသည်။ ယခုအခါ ၎င်းတို့၏ ကျန်းမာရေးအတွက်ပင် အန္တရာယ် ရှိလာပြီ ဖြစ်သည်။ ကျောက်မီးသွေးတွင်းက တဖြည်းဖြည်း ချဲ့ထွင်လာသည့်အတွက်ကြောင့် ရွာပြောင်းရွှေ့ပေးရန် အခြေအနေ ဖြစ်လာနေပါသည်။ သို့အတွက်ကြောင့် အချိန်တို လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးမှုမှာ မည်သို့နည်းနှင့်မျှ အသုံးဝင်နိုင်ဖွယ် အကြောင်း မရှိတော့ပေ။

ဟိုပုန်းမြို့ရှိ ဆေးရုံမှာလည်း လျှပ်စစ် အကန့်အသတ်နှင့်သာ၊ အချိန်ပိုင်းခြားပြီး ရရှိပါသည်။ တောင်ကြီးမြို့ရှိ ဆေးရုံမှာလည်း ခွဲစိတ်ကုသရန်အတွက် ကိုယ်ပိုင်မီးစက်ကို သုံးနေရပါသည်။ ဤအဖိုးအခများအတွက် လူနာများက ထပ်မံ၍ ပေးဆောင်ကြရပြန်ပါသည်။ ဤအချိန်တွင် ပင်းပက် သံရည်ကြိုစက်နှင့် ဟိုပုန်း–တောင်ကြီးအကြားရှိ နိုင်ငံခြားသားများ၏ စာချုပ်ဖြင့် လုပ်ကိုင်နေသည့် ကြက်မွေးမြူရေး ခြံမှာမူ၊ တီကျစ် လျှပ်စစ်စက်ရုံမှထွက်လာသော ဓာတ်အားကို ကလော မဟာဓာတ်အားလိုင်းစက်ရုံခွဲမှ တဆင့် နေ့စဉ် (၂၄) နာရီ လျှပ်စစ် ရရှိနေပါသည်။

## တီကျစ် လျှပ်စစ်စက်ရုံမှ ဓာတ်အားကို ပင်းပက် သံရည်ကြိုစက်သို့ ပေးပို့ရန် ရှိခြင်း


မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သံရိုင်းသိုက်ကို ရှမ်းပြည်နယ် မြို့တော် တောင်ကြီးနှင့် (၁၀) ကီလိုမီတာအကွာ၊ တီကျစ်နှင့် (၄၀) မိုင် အကွာရှိ ပင်းပက်တောင်တွင် တူးဖော်မည် ဖြစ်ပါသည်။ ဤသံရိုင်းတွင်း တူးဖော်ထုတ်လုပ်မှုကြောင့် လူပေါင်း ၇,၀၀၀ ကျော် အိုးအိမ်ပြောင်းရွှေ့ အခြေပျက် ဖြစ်ကြရမည် ဖြစ်ပြီး၊ တောင်တခုလုံးလည်း ဖြိုဖျက်ပစ်၍ ပျက်စီးရမည် ဖြစ်သည်။ ပင်းပက်တွင် ရောမ သံရည်ကြိုစက်ရုံကြီးကို တည်ဆောက်နေပြီး၊ အကျယ်အပြန့် ပြောဆိုနေကြသည့် ကောလာဟလများအရ သံရိုင်း သာမက၊ ယူရေနီယံ သတ္တုရိုင်းပင် တွေ့ရှိထားသည်ဟုလည်း ဆိုကြပါသည်။ စက်ရုံ တည်ဆောက်ရေးစီမံကိန်းအတွက် စိုက်ပျိုးမြေဧက ၇,၀၀၀ ခန့်ကို သိမ်းယူခဲ့ပြီး၊ စက်ရုံကို တရားဝင် ပင်းပက် အမှတ် (၅) သံမဏိစက်ရုံဟု ခေါ်ဆိုပါသည်။ သံစက်ရုံလုပ်ငန်းများ လည်ပတ်ရန်အတွက် တီကျစ် လျှပ်စစ်ဓာတ်အား စက်ရုံမှ ထွက်ရှိလာသော လျှပ်စစ် ၆၅ မဂ္ဂါဝပ်ကို အသုံးပြုမည်ဟု သိရပါသည်။ ပင်းပက် စက်ရုံတည်ရှိရာနေရာ၏ အရှေ့တောင်ဘက် မိုင်အနည်းငယ်တွင် လက်နက်ကိုင်တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေဆဲ ဒေသလည်း ဖြစ်ရာ စက်ရုံလုံခြုံရေးအတွက် ကင်းလှည့်ကြသူ မြန်မာစစ်တပ်မှ စစ်သားများက ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် စက်တင်ဘာလတွင် ရွာသားများကို နှိပ်စက်ညှဉ်းပမ်းခြင်းနှင့် ဖမ်းဆီးသတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့ကြပါသည်။ ပင်းပက် သံစီမံကိန်းသည် ရုရှား၊ အီတလီ နှင့် မြန်မာကုမ္ပဏီများ ဖက်စပ်ဆောင်ရွက်နေကြပါသည်။[၆၃] ရှမ်းပြည်နယ် အလယ်ပိုင်းရှိ ကျေးသီးမံစံ ကျောက်မီးသွေးတွင်းက ပင်းပက်စက်ရုံ၏ လိုအပ်မည့် နေ့စဉ်ကျောက်မီးသွေး ၁၃,၀၀၀ တန်ကို (၇၅) နှစ်ကြာ တင်ပို့ပေးမည် ဖြစ်သည်။[၆၄]



ဆောက်လုပ်နေဆဲ ပင်းပက်သံရည်ကြိုစက်ရုံ



လယ်သမားများနှင့် ကလေးငယ်များသည် ညစ်ညမ်းသောရေများနှင့် မဖြစ်မနေထိတွေ့နေရပုံ



# အပိုင်း (၃)
# ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေမှုများ



*"ကုမ္ပဏီကြီးတွေ မလာခင်တုန်းက ရွာကလူတိုင်းဆီမှာ နွားလှည်းနဲ့ ကျွဲနွားတွေ ရှိကြတယ်။ သူတို့ကို ကျွေးမွေးဖို့လည်း ပူစရာ မလိုဘူး။ သူတို့အတွက်လည်း အစားအသောက်စားကျက်တွေ ပေါတယ်။ ကျနော်တို့ နေရာရွှေ့ပြောင်းဖို့ ခိုင်းခံရတော့ ကျနော်တို့ စိုက်ပျိုးမြေတွေ ဆုံးရှုံးရသလို၊ အခု ကျွဲနွားတွေ ကျွေးမွေးဖို့လည်း အစာ မပေါတော့ဘူး။ ပိုရှားလာတယ်။ ကျနော်တို့လည်း ရှိတဲ့ ကျွဲနွားတွေ ထုတ်ရောင်းပစ်ကြရတယ်။"*
(တွေ့ဆုံမေးမြန်းခြင်းအမှတ်–၂)



## အဓမ္မ ရွှေ့ပြောင်းစေခြင်း

ကျောက်မီးသွေး စီမံကိန်းကြောင့် ကျေးရွာ (၂)ရွာ ရွှေ့ပြောင်းခံရပြီး၊ ယခုအခါ အခြားသူများမှာလည်း အတင်းအကျပ် ရွှေ့ပြောင်းနှင်ထုတ်ခံရမည့် ခြိမ်းခြောက်မှုနှင့် ကြုံတွေ့နေရသည်။ အကြောင်းမှာ ကျောက်မီးသွေးမိုင်းမှ စွန့်ပစ်ပစ္စည်းများ စုပုံရာ နေရာသည် တဖြည်းဖြည်း ကျယ်ပြန့်လာနေပြီး၊ ယခု သတ္တုတွင်းက မည်မျှအထိ ဆက်လက်ချဲ့ထွင်နေမည်ကိုလည်း မည်သူကမျှ မသိ ရှိနိုင်ကြပေ။

## တောင်ပို့လ ကျေးရွာ

အိမ်ခြေ (၂၄)လုံးရှိသည့် တောင်ပို့လကျေးရွာကို ကျောက်မီးသွေးတွင်း စတင်တူးဖော်ရန် ပြင်ဆင်သည့် ကာလ ၂၀၀၃ ခုနှစ်တွင် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ (ရယက) က အတင်းအကျပ် ပြောင်းရွှေ့စေရန် နှင်ထုတ်ခဲ့ပါသည်။ ထိုနှင်ထုတ်ခံရသူများ၏ ပြန်လည်နေရာချထားရေးအတွက် ကူညီပံ့ပိုးမှုလုံလောက်ရေး တစုံတခုမျှ ထောက်ပံ့ပေးခြင်း မရှိပါ။ လျော်ကြေးငွေလည်း မဆိုစလောက်သာ ရပါသည်။ ရရှိထားသော ပြန်လည်နေရာချထားရေး ခရီးစရိတ်များကို လုံလောက်စွာပြန်ကာမိစေရန်၊ အချို့ရွာသားများက မူလရွာဟောင်းနှင့်နီးသည့် နေရာတွင်ပင် နေထိုင်ကြပါသည်။ ရွှေပြောင်းခံရသည့် ရွာသားအများစုသည် ယခုအခါ ရွာဟောင်း၏ အရှေ့ဖက် တောင်ကုန်းပေါ်တွင် နေထိုင်ကြပါသည်။ ဒေသခံ အာဏာပိုင်များက ယခုကျေးရွာသစ်ကို မြစိမ်းတောင်ဟု နာမည်ပေးထားကြသော်လည်း၊ ရွာသားများက ယခင်အမည် တောင်ပို့လဟုသာ ဆက်လက်တင်းခံ၍ ခေါ်ဆိုနေကြပါသည်။ ယခုအခါ ကျောက်မီးသွေးမိုင်းမှ စွန့်ပစ်ပစ္စည်းများနှင့်မြေစာများ တောင်လိုပုံ၍ ချဲ့ထွင်လာနေပြီး ရွာသစ်နှင့် နီးလာသောကြောင့် ရွာသစ်သည်လည်း ကြာရှည် မခံဘဲ ထပ်မံရွှေ့ပြောင်းရဖွယ် ရှိနေပါသည်။

*"ကျနော်တို့ ပြောင်းရွှေ့နေတုန်းက တချို့ အမျိုးသမီးတွေ ငိုရလွန်းလို့ မေ့မျောကုန်ကြတယ်။ ပြောင်းရွှေ့ပြီးတော့ လပေါင်းအတော်ကြာတော့ လူတွေလည်း တွေဝေစိတ်ဓာတ်ကျကုန်ကြတယ်။ သူတို့မြေတွေလည်း ဆုံးပြီ။ ဘာဆက်လုပ်ရမှန်းလည်း မသိတော့ဘူး။"* (တွေ့ဆုံမေးမြန်းခြင်းအမှတ်–၂)

## ဒီတခါတော့ ဒီနေရာက ရွှေ့သွားရတာထက်စာရင် ကျနော် သေပဲ သေလိုက် တော့မယ်။

*"အဲဒီတုန်းက မိုးရာသီပေါ့။ ကျနော်တို့ က သူတို့ကို မေတ္တာရပ်ခံတယ်။ ပြောင်းရွှေ့ရမယ့် အစီအစဉ်ကို နောက်ဆုတ်ပေးဖို့။ ဒါပေမယ့် သူတို့က ကျနော်တို့အဆိုပြုတာကို ပယ်ချတယ်။ ကုမ္ပဏီ ပြောတာက အခုစီမံကိန်းကို ချက်ချင်းအကောင်အထည်ဖော်ရမယ်။ ကျနော်တို့ ရွှေ့ရမယ်ပေါ့။ ပြောင်းရွှေ့အခြေချစဉ်ကာလမှာ ကျနော်တို့အခက်အခဲ ပြဿနာတွေ အများကြီး ကြုံရတယ်။ မိုးရွာထဲမှာပဲ ကျနော်တို့အိမ်ကို ဖျက်ရတယ်။ လမ်းတွေကလည်း ပွက်ထနေတော့ ကျနော်တို့ပစ္စည်းတွေ တနေရာကနေ တနေရာကို ရွှေ့ရင် သိပ်ခက်တယ်။ သူတို့ပေးတဲ့ လျော်ကြေးက အိမ်တအိမ်ကို အများဆုံး ၁၅၀,၀၀၀ ကျပ် (အမေရိကန် ဒေါ်လာ ၁၅၀) ပဲ။ ငယ်တဲ့အိမ်ဆိုရင် ရတာပိုနည်းတယ်။ အဲဒီငွေက နေရာသစ်ကို ရွှေ့ဖို့ ခရီးစရိတ်နဲ့တောင် မလောက်ဘူး။ မိုးရာသီထဲမှာ ကျနော်တို့ကို အတင်းအကျပ် ရွှေ့ခိုင်းတော့ ကျနော်တို့လည်း အိမ်သစ်တွေ ပြန်မဆောက်နိုင်ကြဘူး။ တဲလောက်ဆောက်ပြီး အဲသည်တဲမှာပဲ နေကြရတယ်။ ကုမ္ပဏီကတော့ ဆေးခန်း၊ စာသင်ကျောင်းနဲ့ စာကြည့်တိုက် ဆောက်ပေးမယ်လို့ ကတိပေးတယ်။ ဒါပေမယ့် အဲသည်ကတိတွေက အခုအချိန်အထိတော့ ဖြစ်မလာသေးဘူး။ သူတို့က ရေတွင်းတူးပေးမယ် ပြောတယ်။ ဒါပေမယ့် လုပ်ပေးတာက အရင်ရေတွင်းဟောင်းကို ပြန်ပြင်ပေးရုံပဲ။ တချို့ပြောတာကတော့ ကျနော့်တို့ နေရာထပ်ရွှေ့ရဦးမယ် ပြောတယ်။ ဒါပေမယ့် ဒီတခါတော့ ဒီနေရာက ရွှေ့သွားရတာထက်စာရင် ကျနော် သေပဲ သေလိုက် တော့မယ်။"*

(တွေ့ဆုံမေးမြန်ခြင်းအမှတ်–၄)

### လိုင်ခါးကျေးရွာ

၂၀၀၃ ခုနှစ်တွင် လူဦးရေ ၂၀၀ ခန့်ရှိသည့် လိုင်ခါးကျေးရွာသည်လည်း တီကျစ် ကျောက်မီးသွေးမိုင်း ထုတ်လုပ်သည့် ကုမ္ပဏီမှ ရွှေ့ပြောင်းခိုင်းခြင်း ခံရပါသည်။ ဤကုမ္ပဏီများက ရွာသားများကို ပြောင်းရွှေ့ရေးအတွက် မည်သည့် အထောက်အပံ့မှ ထောက်ပံ့ပေးခြင်း မပြုပါ။ အနီးအနား ကျေးရွာများဖြစ်သည့် တီကျစ်၊ ပြင်သာကျေးရွာလူထုများက ရွှေ့ပြောင်းရန် ခိုင်းစေခံရသည့် လိုင်ခါးကျေးရွာမှ လူထုများကို တီကျစ်ကျေးရွာ၏ ဘုန်းကြီးကျောင်းအနီးတွင် နေရာချပေး ကူညီကြပါသည်။ တီကျစ်နှင့် သာယာကုန်းကျေးရွာ လူထုများမှ ပိုင်သောမြေယာများကို ဒေသခံအာဏာပိုင်များက သိမ်းယူကြပြီး လိုင်ခါးကျေးရွာ သားများကို နေရာချပေးခြင်းဖြစ်သည်။

ကျောက်မီးသွေးတွင်းများကြောင့် တီကျစ်ကျေးရွာ နစ်မြုပ်ရတော့မည် ဖြစ်နေခြင်း

တီကျစ်ကျေးရွာရှိ ကျောက်မီးသွေးသိုက်ကို မူလက အာဏာပိုင်များ တိုင်းတာစဉ်က တီကျစ်ကျေးရွာ၏ တဝက်ခန့် ပါဝင်နေပါသည်။ သို့သော်လည်း တီကျစ်ကျေးရွာမှ ဘုန်းတော်ကြီးက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် (ရတခ) ရှိ အာဏာပိုင်များသို့မေတ္တာ ရပ်ခံသည့်အတွက် တီကျစ်ကျေးရွာကိုမူ မပြောင်းရွှေ့စေခဲ့ပါ။ သို့သော်လည်း ယခုအခါ သတ္တုတူးဖော်နေသည့် နေရာမှာ ရွာနှင့် ၄၀ မီတာမျှသာ ဝေးပါတော့သည်။ ရွာလူထုများမှာ လေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ အသံဆူညံခြင်း ဒဏ်များကို နေ့စဉ်နှင့်အမျှ ခံစားနေကြရကာ သို့အတွက်ကြောင့် မကြာမီပင် အတင်းအကျပ် ပြောင်းရွှေ့ခံရဖွယ် ရှိနေပါသည်။

### အညစ်အကြေး စွန့်ပစ်မှုများက တိုးချဲ့လာနေခြင်း

ကျောက်မီးသွေးတွင်းမှ စွန့်ပစ်ပစ္စည်းများ တောင်လိုပုံလာကာ၊ လူဦးရေ (၄၀၀) ခန့် နေထိုင်သော သာယာကုန်းကျေးရွာ အနီးသို့ တဖြည်းဖြည်း နီးကပ်လာနေပါသည်။ စွန့်ပစ်ပစ္စည်းများမှာ ထုထည်ကြီးမား များပြားလွန်းပြီး ယခုအခါ တောင်လိုပုံ၍ ရွာထက်ပင် မြင့်မားနေပါသည်။ (ဓာတ်ပုံကို ကြည့်ပါ။) မိုးရာသီတွင် မိုးအကြီးအကျယ် ရွာသွန်းသည့်အခါ ဤစွန့်ပစ်ပစ္စည်း အပုံကြီးကပြိုကျကာ ရွာကိုပိပိနိုင်သည့် အန္တရာယ်လည်း ရှိနေပါသည်။ ဒေသခံအာဏာပိုင်များက ရွာသားများကို နှင်ထုတ်ရန် အရင်ကတည်းက အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ပါသည်။ ပထမတွင် မိသားစု အနည်းငယ်ကိုသာ ရွှေ့ပြောင်းရန်အမိန့် ထုတ်ခဲ့သည်။ သို့သော်လည်း ကျေးရွာက ညီညွတ်နေသောကြောင့် ရွှေ့ပြောင်းပေးရန် ငြင်းဆန်ခဲ့ကြသည်။



ကျောက်မီးသွေးတွင်းမှ စွန့်ပစ်မြေစာပုံကြီးသည် တောင်ပို့လကျေးရွာ လူနေအိမ်များထက် ပိုမြင့်မားနေခြင်း၊



လျပ်စစ်ဓါတ်အားထုတ်စက်ရုံကို သာယာကုန်းရွာမှမြင်တွေ့ရပုံ



မြေမျက်နှာပြင်အပွင့်စနစ်ဖြင့် မိုင်းတူးဖော်မှုကြောင့် တီကျစ်ရွာ၏ လယ်ယာမြေများပျက်စီးရသည့်ပုံ



လယ်ယာမြေများပေါ်တွင် လွှမ်းမိုးလာသည့်ကျောက်မီးသွေးသတ္တုမိုင်းမှ မြေစာပုံ၏ အနီးတွင် စိုက်ခင်းကို
ရေပက်ဖြန်းပေးနေသည့် ဒေသခံတစ်ဦး



စိုက်ခင်း၏အစွန်းတွင် တွေ့ရသော လျှပ်စစ်ဓါတ်အားထုတ်စက်ရုံ

*"အခု လျှပ်စစ်စက်ရုံတည်ထားတဲ့ နေရာကတော့ အရင်တုန်းက ကျနော်တို့ တီကျစ်ရွာသားတွေရဲ့ လယ်မြေနေရာတွေ ဖြစ်တယ်၊အဲဒီ မြေတွေက စိုက်ပျိုးရေးအတွက် သိပ်ကောင်းတယ်။ တနှစ်လုံး ရာသီစာ သီးနှံတွေကို ကြိုက်သလို စိုက်ပျိုးလို့ရတယ်။ အခု လျှပ်စစ်ထုတ်တဲ့ စက်ရုံကို အစိုးရက ပိုင်တော့ သူတို့က ကျနော်တို့မြေတွေကို လျော်ကြေးမပေးဘဲ သိမ်းယူကြတယ်။ အခု တော့ လုပ်စားဖို့ ဘာမြေကွက်မှ မရှိတော့ဘူး။ ကျနော့်မိန်းမက မိသားစုကို ကျွေးနိုင်အောင်ဆိုပြီး မြောက်ပိုင်းဈေးက ဟင်းသီးဟင်းရွက်တွေ ဝယ်ပြီး၊ တောင်ပိုင်းဈေးမှာ ပြန်ရောင်းနေရတယ်။"*



(တွေ့ဆုံမေးမြန်ခြင်းအမှတ်–၃)

## မြေသိမ်းယူခြင်း

ကျောက်မီးသွေးတွင်းနှင့် လျှပ်စစ်ထုတ်စက်ရုံသည် တီကျစ်၊ တောင်ပို့လ၊ ပြင်သာ၊ လိုင်ခါး၊ ပင်မိုကုန်း ကျေးရွာများမှ စိုက်ပျိုးမြေ ဧက ၂၀၀ ကျော်ကို သိမ်းယူကာ အသုံးပြုနေကြပါသည်။ ရှမ်းရိုးမနဂါးနှင့် ရွှေသံလွင်ကုမ္ပဏီများက ဒေသခံ အာဏာပိုင်များနှင့် ပူးပေါင်း၍ လယ်သမားများကို ဖိအားပေး ခြိမ်းခြောက်ကာ၊ သူတို့၏ လယ်မြေများကို ဈေးပေါပေါနှင့် ဝယ်ယူခဲ့ကြပါသည်။ အချို့လယ်မြေများကို သတ္တုတွင်းဝန်ကြီးဌာနက ဖြောင်ပင် ရယူခဲ့ကြပါသည်။ သူတို့၏ စိုက်ပျိုးမြေများ မရှိကြသောကြောင့်၊ လယ်သမားများမှာ သူတို့၏ ကျွဲနွားများကို ရောင်းချရကာ၊ ယခုအခါ ဝက်မွေးနေကြပြီ ဖြစ်ပါသည်။

*"ကျနော်တို့က အရင် (၅)ဧကလောက် ပုံမှန်စိုက်တယ်။ ကုမ္ပဏီတွေ မလာခင်တုန်းက နှစ်စဉ်ဆိုသလို လယ်ကထွက်တဲ့ ဆန်စပါး အပိုရှိတယ်။ အစားအသောက်အတွက်ဆိုရင် ပူစရာမလိုဘူး။ ဆန်ရိတ်သိမ်းပြီးတဲ့ အချိန်မှာဆိုရင် ကျနော်တို့က အာလူး၊ ခရမ်းချဉ်သီး၊ အခြားဟင်းသီးဟင်းရွက်တွေ စိုက်တယ်။ ကျနော်တို့ နှစ်စဉ် ကျပ် ၃၀၀,၀၀၀ လောက် ဝင်ငွေ (ဒေါ်လာ ၃၀၀ ခန့်) ရှိတယ်။ သူတို့က ကျနော်တို့ကို လျော်ကြေးပေးတာက တဧက ကျပ် ၃၀,၀၀၀ ပဲ (ဒေါ်လာ ၃၀ မျှ– ရာသီမရွေးရေရရှိသောမြေကွက်) ပဲ။ ဒီလောက် ငွေနည်းနည်းနဲ့ ကျနော်တို့ ဘာသွားလုပ်လို့ ရမှာလဲ။ အခုတော့ သူတို့က ကျနော်တို့မြေတွေကို နေ့ရော ညပါ တူးနေကြပြီ။ ကျနော့်မှာ မြေရှိတာက ဒီနေရာ မှာပဲ။ တခြားနေရာလည်း မရှိဘူး။ အခုတော့ ကျနော်တို့မှာ ဘာမှစားစရာ မရှိတော့ဘူး။ နောက်နှစ်ဆိုရင် ကျနော့် လယ်လည်း စိုက်နိုင်တော့မှာ မဟုတ်ဘူး။ အခုလယ်မြေတွေဆီက နှင်ထုတ်တဲ့ မိန့် သူတို့ပေးထား ပြီးပြီ။"*

(တွေ့ဆုံမေးမြန်ခြင်းအမှတ်–၄)

## အခုတော့ ကျနော်တို့မှာ ဘာမှ စားစရာ မရှိတော့ဘူး

*“ကုမ္ပဏီက ကျနော်တို့ စိုက်ပျိုးမြေတွေကို ကျောက်မီးသွေးသတ္တုတွင်း စီမံကိန်းအတွက် သိမ်းယူတော့ သူတို့က ကျေးရွာ အာဏာပိုင်တွေနဲ့ ပေါင်းလုပ်ကြတယ်။ သူတို့က ရွာသားတွေကို အတူစုခိုင်းပြီးတော့ လူတိုင်းဆီက လက်မှတ်ထိုးပေးဖို့ တောင်းဆိုတယ်။ လူတွေက သူတို့ဘာအတွက်ကြောင့် လက်မှတ်ထိုးပေးလိုက်ရတယ် ဆိုတာ မသိကြဘူး။ လူတိုင်းက လက်မှတ်ထိုးပြီးတဲ့အခါမှာတော့ အခုရွာသားတွေပိုင်တဲ့ မြေအားလုံးဟာ ကုမ္ပဏီကပိုင်သွားပြီ ပြောတယ်။ မြေတကေကို ကျပ် ၂၀,၀၀၀ (အမေရိကန်ဒေါ်လာ ၂၀ ခန့်–မိုးရာသီသာ ရေရသောမြေကွက်) ပဲ ပြန်လျော်ပေးမယ် ပြောတယ်။ လူတွေက အင်မတန်တုန်လှုပ်ကြပြီး တချို့ဆိုရင် ရင်ဘတ်ထုပြီ ငိုယို အော်ဟစ် ကြတယ်။ တချို့တွေကတော့ ငွေက သိပ်နည်းတော့ ဘာမှလုပ်လို့မရဘူး။ မယူဘူးလို့ ဆုံးဖြတ်ကြတယ်။ အာဏာပိုင်တွေက တော့ ပျော်ကြတယ်။ သူတို့ကတောင် ပြောလိုက်သေးတယ်။ ခင်ဗျားတို့ ပိုက်ဆံမယူရင် ကျနော်တို့က မြေတောင် အလကား ရသေးသတဲ့ဗျား။ ”* (တွေ့ဆုံမေးမြန်ခြင်းအမှတ်–၄)

မြေယာများအတွက် မဖြစ်စလောက် လျော်ကြေးငွေမျှသာ ပေးအပ်သော်လည်း၊ လယ်မြေများမှာ ရိုးရာစဉ်လာအရ မျှဝေသုံးစွဲနေ ကြသောကြောင့် ရွာသားများမှာ ဝေခွဲမရ ဖြစ်ကြရပါသည်။

*“ပထမ သူတို့ကျနော်တို့ကို လျော်ကြေးပေးတုန်းက ကျနော်တို့က ဘာလုပ်ရမှန်း မသိဘူး။ ဘာကြောင့်လဲဆိုတော့ ဘယ်မြေကွက်က ဘယ်သူပိုင်မှန်း မသိကြဘူး။ ကျနော်တို့ ယဉ်ကျေးမှုမှာက ကျနော်တို့က မြေတွေကို ကလေးတွေကို၊ မြေးတွေကို ခွဲဝေပေးထားတာ။ ကျနော်တို့မှာ မြေဘယ်လောက်ဆိုတာ အကန့်အသတ် ရှိတာမဟုတ်ဘူး။ ”*
(တွေ့ဆုံမေးမြန်ခြင်းအမှတ်–၉)



### ဒေသခံလူထုအတွက် အန္တရာယ်ရှိစေသော လျှပ်စစ်စက်ခါးပတ်ကြိုး

ကျောက်မီးသွေးသတ္တုတွင်းမှ ကုန်ကြမ်းများကို လျှပ်စစ်ထုတ်စက်ရုံသို့ ၁.၅ မိုင် ရှည်လျားသော ခရီးကို ခါးပတ်ကြိုးစနစ်ဖြင့် ပို့ဆောင်ပါသည်။ ဤစက်ခါးပတ်ကြိုး လည်ပတ်ရန် လျှပ်စစ် ၆ ကီလိုဗို့လ် လွှတ်ထားပါသည်။ အကယ်၍ ကျွဲ–နွားများ ကြောင့် ခါးပတ်ကြိုး ပျက်စီး၊ မလည်ပတ်နိုင် ဖြစ်လာပါက တိရိစ္ဆာန်ပိုင်ရှင်ကို အရေးယူမည်ဟု ကြေညာထားသည်။ ဤထုတ်ပြန်ကြေညာမှု ပြုခဲ့သည့်အချိန်မှစ၍ ဒေသခံပြည်သူများမှာ သူတို့၏ အိမ်မွေးတိရိစ္ဆာန်များဖြစ်သည့် ကျွဲနွားများကို ကွင်းများထဲသို့ လွှတ်၍မကျောင်းရဲတော့ပါ။ ကျောက်မီးသွေးများ သယ်ဆောင်သည့် စက်ခါးပတ်ကြိုးကို အမိုးအုပ် မိုးထားသော်လည်း စိုစွတ်နေသော မြေများ သယ်ဆောင်သည့် စက်ခါးပတ်ကြိုးကိုမူ အမိုးအုပ်ထားခြင်း မရှိပါ။ လျှပ်စစ်လွှတ်ထားသည့် စက်ခါးပတ်ကြိုးသည် ရပ်ရွာလမ်းမတလျှောက် အပြိုင်သွားနေပြီး၊ ကလေးများ၊ ခရီးသွားများနှင့် အိမ်မွေးတိရစ္ဆာန်များကို အန္တရာယ်ရှိစေပါသည်။



### တရားဥပဒေ စိုးမိုးရေး မဟုတ်သော ဥပဒေ

မြန်မာနိုင်ငံ သတ္တုတွင်း ဥပဒေ (၁၉၉၄) တွင် သတ္တုတွင်း လုပ်ကိုင်ဆောင်ရွက်သူသည် မြေယာပိုင်ဆိုင်သူထံမှ စီမံကိန်း မစတင်မီ ခွင့်ပြုချက် ရယူရမည်ဟု ဖော်ပြထားသည်။ သို့သော်လည်း တီကျစ်တွင်မူ ဤအတိုင်း ဆောင်ရွက်ခဲ့ခြင်း မရှိပါ။ ကျေးရွာလူထုများကို မည်သို့ဖြစ်ပျက်မည်ဟု လုံးဝအသိပေးခဲ့ခြင်း မရှိသလို၊ မည်သို့ ဖြစ်ပျက်နေသည်ကိုလည်း နားလည်သဘော ပေါက်နိုင်ခြင်း မရှိကြပါ။ ထို့အပြင် အာဏာပိုင်များ၏ ခြိမ်းခြောက်မှုကိုလည်း ကြုံတွေ့နေကြရပါသည်။

အောက်ဖော်ပြပါ စာသားသည် ဥပဒေ အခန်း ၅၊ အပိုဒ် ၁၄ မှ ကောက်နုတ်ထားခြင်း ဖြစ်ပါသည်။

> “ဝန်ကြီးဌာန၏ အုပ်ချုပ်စီမံမှုအောက်တွင်ရှိသော ဧရိယာ၌ သို့မဟုတ် တွင်းထွက်သတ္တု ရင်းမြစ်သိုက် မဟုတ်သည့် နေရာ၊ သို့မဟုတ် ကျောက်မြက်ကျောများတွင် သတ္တုတွင်း တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုချက် ရရှိထားသောသူသည် စိုက်ပျိုးထုတ်လုပ်ရေးအတွက် သို့မဟုတ် ပိုင်ဆိုင်ခွင့်၊ အသုံးချခွင့်နှင့် နေထိုင်ခွင့် ခွင့်ပြုချက် သို့မဟုတ် အလားတူ အခွင့်အရေးများ ခံစားရရှိပြီးသော တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ၊ သို့မဟုတ် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ သို့မဟုတ် သဘောတူညီချက် ရပြီးမှသာ ဤမြေကို ဆက်ခံရယူခွင့်၊ သို့မဟုတ် လွှဲပြောင်းလက်ခံယူခွင့် ရှိသည်။”
> ဟု ဖော်ပြထားသည်။[၄၅]

တပြိုင်နက်တည်းမှာပင် ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံ သတ္တုတွင်းဥပဒေအရ သတ္တုတွင်းတူးဖော်ထုတ်လုပ်ခွင့် ရရှိရေး အတွက် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်မည့်အရေး အစီအစဉ်ကို တင်ပြရမည်ဟု ဖော်ပြထားသည်။ ဤဥပဒေ၏ အခန်း (စ) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

“သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေကို မပြဋ္ဌာန်းရသေးသော်လည်း အကြီးစားသတ္တုတွင်း တူးဖော်မှု စီမံကိန်းများ အားလုံးအနေနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အကဲဖြတ်စစ်ဆေးမှု (EIA) ကို သူတို့၏ လုပ်ငန်းဖြစ်နိုင်ခြေ လေ့လာမှုများ၌ တစိတ်တပိုင်းအနေနှင့် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပြီး၊ နိုင်ငံခြားကုမ္ပဏီများအနေနှင့် ကမ္ဘာ့ဘဏ်၏ စံသတ်မှတ်ချက်များဖြစ်စေ၊ သို့မဟုတ် ၎င်းတို့၏ နိုင်ငံတွင် လက်ခံကျင့်သုံးနေသော စံသတ်မှတ်ချက်များထက် မနိမ့်သော အနေအထားဖြင့်ဖြစ်စေ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။[၄၆] ”

သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုဆိုင်ရာ စစ်ဆေးအကဲဖြတ်ချက်ကို လူအများသိရှိနိုင်အောင် မထုတ်ပြန်သောကြောင့် တီကျစ် ကျောက်မီးသွေးသတ္တုတွင်းလုပ်ငန်းအတွက် သဘာဝပတ်ဝန်းကျင်ကို မည်သို့ ကာကွယ်တားဆီးရမည်ဟူသည့် အစီအစဉ်ကို သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြမည်– မတင်ပြမည်ကို သိရှိနိုင်ရန် အကြောင်း မရှိပါ။



## မြေယာများတွင် စိုက်ပျိုးရန် ပြဿနာဖြစ်လာခြင်း

ကျောက်မီးသွေးသတ္တုတွင်းတွင် မြေမျက်နှာပြင်အပွင့် တူးဖော်ထုတ်ယူခြင်း နည်းစနစ်ကို အသုံးပြုသောကြောင့် စက်ယန္တယားကြီးများဖြင့် စိုက်ပျိုးမြေများကို (၂၄)နာရီ ကာလပတ်လုံး ဖျက်ဆီးပစ်သကဲ့သို့ ရှိနေပါသည်။ ကုမ္ပဏီများက ကျောက်မီးသွေးကို မြေအောက် ဥမင်စနစ်ဖြင့်လည်း ထုတ်လုပ်နေသောကြောင့် နောင်တရားကျေးရွာတွင် လက်ဖက်ခင်းများ အောက်မှ တူးဖော်ထုတ်လုပ်နေကြပါသည်။ သူတို့က (၄)ပေပတ်လည် ကျင်းများကို မြေအောက်တွင် တူး၍ ကျောက်မီးသွေး ထုတ်ယူနေသောကြောင့် ကျေးရွာလူထုများမှာ မြေပြိုကျမည့် အရေးကို စိုးရိမ်နေကြရပါသည်။

တူးဖော်ရရှိသည့် ကျောက်မီးသွေးများကို တွင်းဘေးနှင့် လယ်မြေကွက်များပေါ်တွင် စက်ရုံသို့ မပို့ဆောင်မီ၌ ဖြစ်သလို ပုံထားကြပါသည်။ ကျောက်မီးသွေးများကြောင့် မြေဆီ၏ အရည်အသွေးကို ပျက်စီးစေပြီး၊ ကျောက်မီးသွေးပုံများက လယ်ကွင်းများတွင်းသို့ ရေစီးဝင်မှုကို ပိတ်ဆို့နေစေပါသည်။ ရေလမ်းကြောင်းများအနီးတွင် အညစ်အကြေးရေများနှင့် ပြာများ၊  စွန့်ပစ်ပစ္စည်းများကို စုပုံထားကြသည့်အတွက်၊ အညစ်အကြေးများ ပါဝင်နေသည့်ရေက မြေဆီကို ဖျက်ဆီး ပစ်ပါသည်။

*“အခုကျနော့်လယ်ထဲမှာ မြေတွေ ထွန်ယက်ဖို့ သိပ်မာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုမ္ပဏီက ကျောက်မီးသွေးတွင်းမှ ထွက်သည့် ရေတွေကို တီကျစ်ချောင်းထဲ လွှဲထဲလို့ ဖြစ်ရတယ်။ မိုးရာသီမှာတော့ ရေတွေက လယ်ထဲ ဝင်လာပြီး၊ ကျောက်မီးသွေး အနည်တွေ လယ်ထဲတင်ကျန်ခဲ့တယ်။ အဲသလို ကျောက်မီးသွေးအနည်တွေကြောင့် မြေတွေက အင်မတန်မာလာပြီး၊ ထွက်ယက်လို့ မဖြစ်နိုင်အောင် ဖြစ်လာတယ်။ (စပါး)အထွက်လည်း ကျဆင်းလာတယ်။”*

(တွေ့ဆုံမေးမြန်ခြင်းအမှတ်–၇)

## အလုပ်လက်မဲ့ များပြားလာခြင်း

ကျေးရွာ (၆)ရွာရှိ လယ်သမားများထံမှ မြေယာများကို သိမ်းဆည်းရယူခဲ့ပြီးနောက် သူတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အခြားနည်းလမ်းများကို ရှာဖွေကြရပါသည်။ အချို့သော လယ်သမားများကို သတ္တုတူးဖော်မှု မရောက်လာသေးသည့် သိမ်းယူထားသော မြေယာများပေါ်တွင် ဆက်၍ လုပ်ကိုင်ခွင့်ပေးနေဆဲ ဖြစ်သော်လည်း၊ သူတို့၏ အနာဂတ်အတွက် စိုးရိမ်သောက ဖြစ်နေကြရပါသည်။

ကုမ္ပဏီများက ဤကျောက်မီးသွေးသတ္တုတွင်းကြောင့် ဒေသခံပြည်သူများကို အလုပ်အကိုင်များ ဖန်တီးပေးမည်ဟု ကြွေးဝါ နေကြပါသည်။ သို့သော်လည်း စီမံကိန်းတခုလုံးတွင် လူ ၅၀၀ ခန့်ကိုသာ အလုပ်အကိုင် ခန့်ထားနေရာချထားနိုင်ခြင်း ရှိပြီး၊ ထောင်နှင့်ချီသော လယ်သမားများမှာ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျောက်ဆုံးကုန်ရပါသည်။ ကျောက်မီးသွေးတွင်းနှင့် လျှပ်စစ်ဓါတ်အားထုတ်စက်ရုံရှိ လုပ်သားအများစုမှာ ဒေသခံလူထုများ မဟုတ်ကြပါ။ ဒေသခံအနည်းစုသည်သာ ထရပ်ကား မောင်းသူများအဖြစ် လုပ်ကိုင်ခွင့် ရကြပါသည်။

ဆက်လက်ရှင်သန်နိုင်ရန်အတွက် မိသားစုများက သစ်ပင်များကို ခုတ်လှဲ၍ ထင်းအဖြစ် ရောင်းစားနေကြရပါသည်။ သို့ အတွက်ကြောင့် ကျန်ရှိနေသေးသည့် သဘာဝဝန်းကျင်ကို ပို၍ ပျက်စီးစေပါသည်။ အမျိုးသမီးများက ဟင်းသီးဟင်းရွက် ရောင်း၍ အလုပ်အကိုင် ဝင်ငွေရရှိစေရန် ကြိုးစားကြသော်လည်း၊ ငယ်ရွယ်သူ လူငယ်များမှာ အခြားတပါး ဒေသများသို့ ရွှေ့ပြောင်း၍ အလုပ်အကိုင် ရှာဖွေနေကြရပါသည်။



လယ်ကွင်းအနီးတွင်ပုံထားသောကျောက်မီးသွေး

ဒေသခံလူထုများမှာ ငွေဝင်လမ်း ကျဆင်းလာသည့်အတွက်ကြောင့် ကလေးများကို ကျောင်းထားနိုင်ခြင်းလည်း မရှိတော့ပါ။ သူတို့မိသားစုကို ဆက်လက်ကျွေးမွေးနိုင်အောင် ကလေးများက မိဘများနှင့်အတူ အလုပ်လုပ်ကိုင်နေကြရပါသည်။ သို့မဟုတ်ပါက မောင်နှမများကို ထိန်းကျောင်းပေးရခြင်း၊ အိမ်အလုပ်များ ကူညီလုပ်ကိုင်ပေးရခြင်းများ ဆောင်ရွက်နေကြရပါသည်။

*"ကုမ္ပဏီက ကျနော်တို့ရွာ (ပင်မှီကုန်း ကျေးရွာ) အနောက်ဖက်မှာ ရှိနေတဲ့ စိုက်ပျိုးမြေတွေအားလုံးကို သိမ်းယူလိုက်တယ်။ ဒါပေမယ့်လည်း ရွာသားတွေကိုတော့ အဲဒီမြေတွေပေါ်မှာ သတ္တုတူးဖော်မှု မရောက်လာခင်အထိ အလုပ်လုပ်ခွင့် ဆက်ပြုထားတယ်။ အရင်အရာရှိတုန်းက ဘယ်ရွာသားကိုမှ မြေသုံးခွင့် ပေးတာမဟုတ်ဘူး။ ဒါပေမယ့် အရာရှိအသစ်ကတော့ မြေယာကို အသုံးပြုခွင့်ပေးတယ်။ သူတို့က မြေကို အသုံးပြုခွင့် ပေးပေမယ့်လည်း အချိန်မရွေး ပြန်ဖျက်ဆီးနိုင်တာကြောင့် ကျနော်တို့က မြေဩဇာတွေ ဘာတွေထည့်ပြီး မသုံးချင်ကြဘူး။ မြေဩဇာမပါတော့ သီးနှံတွေလည်း အထွက်ကျလာတယ်။ ပြီးခဲ့တဲ့နှစ်က ကျနော်တို့မှာ ဆန်အပိုအလျှံ အမြဲရှိနေခဲ့တယ်။ ကျနော်တို့ တခါတလေဆိုရင် ဆန်ကိုငွေပိုငွေလျှံရဖို့ ပြန်တောင် ထုတ်ရောင်းနိုင်သေးတယ်။ နောက်နှစ်ဆိုရင်တော့ အဲဒီမြေမှာ ကျနော်တို့ကို သူတို့ဆက်ပြီးလုပ်ကိုင်ခွင့် ပေးတော့မယ် မထင်ဘူး။ အခုတော့ ကျနော်ထင်းခုတ် ရောင်းစားနေရတယ်။ ရှေ့လျှောက် ခုတ်စရာ အပင်တွေ မရှိတော့ဘူးဆိုရင် ဘာဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူး။"*
(တွေ့ဆုံမေးမြန်ခြင်းအမှတ်–ဇ)

*"ကျနော်တို့ ရွာရိုးတလျှောက် (သာယာကုန်း ကျေးရွာ)မှာ ရေကောင်းရေသန့်နဲ့ ရေပေးမြောင်းစနစ် ကောင်းကောင်း ရှိခဲ့တယ်။ အခုတော့ အသက်မွေးဝမ်းကျောင်းမှု လုပ်ဖို့ဆိုရင်လည်း အခုလုပ်ကိုင်စရာ မြေဆိုလို့ မရှိတော့ဘူး။ အဲဒါအပြင် ကျောက်မီးသွေးမှ မြေစာပုံတွေက တဖြည်းဖြည်းစုလာလိုက်တာ ရွာနားကို နီးနီးလာနေတယ်။ ကျနော်တို့ ဘာဆက်လုပ်ရမှန်းလည်း မသိတော့ဘူး။ ကျနော်တို့မြေတွေကိုလည်း သိမ်းသွားတော့ ကျနော်တို့ ဘာမှ ဆက်လုပ်စားစရာ မကျန်တော့ဘူး။ ကိုယ့်ကိုယ်ကို ဘယ်လိုဆက်ရပ်တည်ရမှန်းလည်း မသိတော့ဘူး။ တနေ့ထက်တနေ့ ကျောက်မီးသွေးသတ္တုတွင်းက ထွက်လာတဲ့ မြေစာတွေနဲ့ ကျနော်တို့မြေယာပေါ်မှာ ဖို့ထားတော့ မြေယာကုန်တော့မယ်။ ကျနော်က စိုက်ပျိုးဖို့မြေကို ဘယ်မှာ သွားရှာရမှန်းလည်း မသိတော့ဘူး။ အားလုံး ကျောက်မီးသွေး သတ္တုတွင်းက မြေတွေနဲ့ ဖို့ကုန်ပြီ။ ကျနော်လုပ်စရာ အလုပ်တခုပဲ ကျန်တော့တယ်။ တောင်ရှေ့ခြမ်းမှာ ထင်းခုတ်ပြီး ရောင်းစားရုံပဲ။ ကျနော့်ရွာမှာ တခြားအလုပ်လည်း မရှိဘူး။ ကျနော်လည်း အလုပ်မရှာတတ်တော့ဘူး။"*
(တွေ့ဆုံမေးမြန်ခြင်းအမှတ်–ဈ)





လက်ရှိရွာသားများသည် သစ်ပင်ခုတ်ပြီး ထင်းခွေရောင်းကြရခြင်း



### လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေခြင်း

တနေ့တာလုံး ထရပ်ကားများဖြင့် ကျောက်မီးသွေး ပို့ဆောင်နေသည့်အတွက်ကြောင့် မီးခိုး၊ ဖုန်မှုန့်များ ထွက်ရှိကာ ဒေသခံပြည်သူများအတွက် လေထုညစ်ညမ်းမှု ခံစားရစေပါသည်။ ဤဖုန်မှုန့်များက ရေအရင်းအမြစ်များ ရှိရာနေရာများ၊ အိမ်များ၊ ဟင်းသီးဟင်းရွက်ခင်းများပေါ်တွင် ကျ၍ အနည်ထိုင်စေပါသည်။ သို့အတွက်ကြောင့် လူတို့၏ ကျန်းမာရေးအတွက်လည်း အန္တရာယ် ရှိနေပါသည်။ တောင်ပို့လကျေးရွာမှ ကလေးများသည် တီကျစ်ရွာတွင် ကျောင်းတက်ရန်အတွက် နေ့စဉ်နှင့်အမျှ သတ္တုတူးဖော်နေသည့်နေရာကို ဖြတ်သန်းသွားနေရပါသည်။ သူတို့က ဖုန်မှုန့်တောကြီးကို ဖြတ်သန်းသွားရပြီး၊ မိုးရာသီတွင် ဗွက်ထနေသော လမ်းကြောင်းတလျှောက် ဖြတ်သန်းကျောင်းတက်နေကြရပါသည်။

ကျောက်မီးသွေးသတ္တုတွင်းမှ ထွက်ရှိလာသော မြေစာများကို ပြင်သာနှင့် တောင်ပို့လ ရွာနှစ်ခုအကြား၊ စက်ရုံ၏ အရှေ့ဖက်တွင် စွန့်ပစ်ထားပါသည်။ ထိုရွာထက်မြင့်သောမြေစာပုံကြီးမှ ဖုန်မှုန့်များသည် လေနှင့်အတူ ရွာထဲသို့ ကျရောက်လာသဖြင့် ရွာသားများအတွက် ကျန်းမာရေးထိခိုက်စေပါသည်။ လျှပ်စစ်စက်ရုံတွင် စုပုံထားသော ကျောက်မီးသွေးများက တခါတရံအလိုအလျောက် ထပေါက်ကွဲ၍ ဆိုးရွားသော ဓာတ်ငွေ့များ လေထုထဲ ထုတ်လွှတ်တတ်ပါသေးသည်။ ထို့အပြင် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံမှ ပြဒါး၊ ဆယ်လီနီယမ်၊ အာဆင်းနစ် စသည့် ဓာတ်များ လေထဲထုတ်လွှတ်တတ်ကြောင်းလည်း လေ့လာ သိရှိရပါသည်။ ဤဓာတ်ငွေ့များသည် လူတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အတွက် အလွန်ဆိုးရွားစွာ ထိခိုက်စေပါသည်။

*"တခါတလေမှာ စက်ရုံနားက ကျောက်မီးသွေးတွေ သိုလှောင်ထားတဲ့ နေရာမှာ ကျောက်မီးသွေးတွေက သူ့ဘာသာ ထပြီး မီးထလောင်တတ်တယ်။ အဲသလို မီးလောင်ရင် ဓာတ်ငွေ့တွေ ထွက်လာတာ အတော်အနံ့ဆိုးတယ်။ အဲဒီအနံ့တွေက ကားတာယာကို မီးလောင်တာထက်တောင် အနံ့ဆိုးသေးတယ်။ အနီးအနားက ရွာတွေကို အဲဒီအငွေ့တွေက လေနဲ့သယ်လာပြီး တချို့ရွာတွေဆိုရင် နေလို့မရလောက်အောင် ဖြစ်ရတယ်။ အန္တရာယ်ကင်းမယ်ထင်တဲ့နေရာ ရွှေ့ပြီးနေကြရတယ်။"*

(တွေ့ဆုံမေးမြန်းခြင်းအမှတ်–၁၁)

ပြီးခဲ့သည့်နှစ်မှစ၍ လျှပ်စစ်စက်ရုံ အနီးအနား တရွာပြီးတရွာမှ လူထုများသည် အရေပြားယားယံမှုဒဏ် ခံစားကြရပါသည်။ ယခုအခါ အနီးအနားရွာများမှ လူဦးရေ ၅၀% ခန့်သည် အရေပြား ယားယံမှု ပြဿနာ ခံစားနေကြရပါသည်။ (ဓာတ်ပုံကို ကြည့်ပါ) သို့သော်လည်း ဤစီမံကိန်းကို လုပ်ကိုင်နေကြသည့် ကုမ္ပဏီများအနေဖြင့် ပြည်သူများခံစားနေရသည်ကို လှည့်ကြည့်ခြင်း၊ ကူညီပေးခြင်း မရှိပါ။





ထို့အပြင် ကျောက်မီးသွေးသတ္တုတွင်းနှင့် လျှပ်စစ်ထုတ်စက်ရုံ အနီးတဝိုက်ရှိ ဟင်းသီးဟင်းရွက် စိုက်ခင်းများအပေါ် ကျောက်မီးသွေးဖုန်မှုန့်များ ကျရောက်ဖုံးအုပ်လာသည်။ ကော်ဖီထုပ်များ ပျက်စီးရသည့်အတွက် လယ်သမားများက ကုမ္ပဏီသို့ စောဒက တက်ပြောဆိုသည့်အခါ၊ ကုမ္ပဏီက လယ်သမားနှင့် ပြောဆိုရန် မြန်မာစစ်တပ်မှ ဗိုလ်ကြီးတဦးကို စေလွှတ်ခဲ့ပါသည်။ သူက "ပိုးသတ်ဆေးတွေ ဟင်းသီးဟင်းရွက်တွေအပေါ် တင်နေတော့လည်း ဆေးပြီး စားကြရတာပဲ။ အဲသလိုပဲ ခင်ဗျားတို့ ကော်ဖီ ထုပ်တွေအပေါ် ကျောက်မီးသွေး မှုန်တွေ တင်နေတာဟာလည်း ပြဿနာ ဘာမှ မရှိပါဘူး"ဟု ပြောဆိုလာခဲ့သည်။

ကုမ္ပဏီက ငှားရမ်းထားသည့် ကျန်းမာရေးဝန်ထမ်း တဦးသာ ရှိပုံရပြီး၊ ဤသူကသာ အနီးအနား ရပ်ရွာများအတွက်ပါ တာဝန်ထမ်းဆောင်ရပါသည်။ သို့သော်လည်း ကျေးရွာလူထုတဦးက ပြောဆိုရာတွင် ဤဝန်ထမ်းခန့်အပ်ထားခြင်းမှာလည်း ဟန်ပြသာ ဖြစ်သည်ဟု ဆိုပါသည်။



*"ဒီမှာ စစ်တပ်က ကျန်းမာရေးဝန်ထမ်း တယောက်ပဲရှိတယ်။ သူက ဗိုလ်မှူးလား၊ ဗိုလ်ကြီးလား ဆိုတာတော့ ကျမ မေ့နေပြီ။ တခါတလေမှာ သူက ရွာတွေကိုသွားပြီး ကျန်းမာရေး လိုက်စစ်ဆေးပေးတယ်။ ကုမ္ပဏီက ကြည့်ကောင်းရုံဖြစ်အောင် ငှားထားတာပဲ။ တကယ်တော့ အဲဒီသူက ဘာမှ ကျန်းမာရေးကုသမှုတွေ လုပ်ပေးတာ မဟုတ်ပါဘူး။ သူတို့ ကုမ္ပဏီအတွက် လက္ခဏာစုံအောင် ထားရုံပါ" ဟု ဆိုခဲ့သည်။ (တွေ့ဆုံမေးမြန်းခြင်း–၁၅)*

ကျောက်မီးသွေးတွင်းနှင့် လျှပ်စစ်ထုတ်စက်ရုံကြောင့် ကျန်းမာရေးအပေါ် ရေရှည် ထိခိုက်သက်ရောက်မှု များစွာရှိနိုင်ပြီး၊ လာမည့်နှစ် ကာလအနည်းငယ်တိုင်အောင် ပြဿနာရောဂါလက္ခဏာများ ဖော်ပြလိမ့်ဦးမည် မဟုတ်ပါ။ သို့မဟုတ် နောင်မျိုးဆက်တိုင်မှလည်း ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဤအစီရင်ခံစာ ရေးသားရန်အတွက် ချဉ်းကပ်ခဲ့သော အစိုးရခန့် ကျန်းမာရေးဝန်ထမ်းကမူ ဤဒေသခံများ၏ အခြေအနေကို ဖော်ပြဆွေးနွေးရန် သူတို့ကို လုပ်ပိုင်ခွင့် မပေးထားကြောင်း ပြောဆိုပါသည်။

## ကျောက်မီးသွေးသတ္တုတွင်းနှင့် လျှပ်စစ်ထုတ်စက်ရုံမှ အလုပ်သမားများ၏ ကျန်းမာရေး အခြေအနေများ

အလုပ်သမားများအနေနှင့် ထိခိုက်ဒဏ်ရာရမှုနှင့် ကျန်းမာရေးအတွက် အာမခံစနစ်များ မခံစားနိုင်ကြပါ။ အလုပ်သမားများက သူတို့၏ နှာခေါင်းနှင့် ပါးစပ်များကို အလုပ်လုပ်နေစဉ် ရိုးရိုးအဝတ်ဖြင့်သာ ပိတ်ဆို့ ကာဆီးကြရပါသည်။ အသက်ရှူရခက်ခဲသောကြောင့် မတပ်ဆင်ဘဲ ထားသူများလည်း ရှိပါသည်။ သူတို့ကို သွေးစစ်ရန် တလတကြိမ် လိုအပ်ပြီး၊ အကယ်၍ အလုပ် သမားများတွင် အသားဝါ အသည်းရောင်ရောဂါ တွေ့ရှိပါက ထိုသူများကို ချက်ချင်း အလုပ်ဖြုတ်ပစ်တတ်ပါသည်။ ကုမ္ပဏီက နောက်ထပ် အစားထိုးဝန်ထမ်းတဦး ထပ်မံခန့်အပ်လေ့ ရှိသည်။ ပအိုဝ်းလူငယ်များအဖွဲ့က လေ့လာတွေ့ရှိရရာ၌ ၂၀၀၀ ခုနှစ်မှစ၍ မြေပြိုကျမှုကြောင့်သော်လည်းကောင်း လုပ်ငန်းခွင်တွင် မတော်တဆမှု များစွာရှိခဲ့ပါသည်။ ဖရော့ဖြိန်း ကျေးရွာအနီးမှ အလုပ်သမား (၅)ဦးနှင့် နောင်တရာကျေးရွာမှ အရှေ့ဖက်မှ လူ(၇)ဦးမှာ ဤသို့ဖြင့် သေဆုံးခဲ့ရပါသည်။




## ကျောက်မီးသွေးပြာမှုန်များဖြင့် ဒေသလမ်းကို ခင်းခြင်း

လုပ်ငန်းစတင် လည်ပတ်စဉ် ပထမနှစ်တွင် လျှပ်စစ်ထုတ်စက်ရုံ၌ ထွက်ရှိလာသော အဆိပ်သင့်စေသည့် ပြာမှုန်များနှင့် အညစ်အကြေး စွန့်ပစ်ပစ္စည်းများကို ကျောက်မီးသွေးမိုင်းမှ စွန့်ပစ်ထားသည့် အပုံများနှင့် အတူ ရောနှောပုံပါသည်။ ဤစွန့်ပစ်ပစ္စည်းများမှာ လူနေရွာများနှင့် အတော်နီးကပ်နေပါသည်။ မကြာသေးခင်နှစ်များတွင် ဤပြာမှုန်များကို ဒေသခံလမ်းများပေါ်တွင် ခင်းစေပါသည်။ ကျောင်းသွားရသည့် ကလေးများ၊ လုပ်ငန်းခွင်သွားရသည့် လယ်သမားများ၊ ဈေးသွားရသူများမှာ နေ့စဉ်နှင့်အမျှ ဤအဆိပ်သင့် ပြာမှုန့်များမှ ပြဒါး၊ ခဲ၊ အာဆင်းနစ်ဓာတ်များနှင့် ထိတွေ့နေရပါသည်။ ဤပြာမှုန်များမှ အဆိပ်ဓာတ်သည် မြေအောက်ရေကိုပါ အဆိပ်သင့်စေနိုင်ပါသည်။ (ကျောက်မီးသွေးပြာမှုန်များအကြောင်းကို ကြည့်ပါ။)

## ကျောက်မီးသွေးပြာဆိုသည်မှာအဘယ်နည်း။[၄၇]

ကျောက်မီးသွေးပြာမှုန့်များဆိုသည်မှာ လျှပ်စစ်စက်ရုံတွင် ကျောက်မီးသွေးကို လောင်ကျွမ်းစေသည့်အခါ ကျန်ရစ်နေသည့် အညစ်အကြေးစွန့်ပစ်ပစ္စည်း ဖြစ်သည်။ ဤပြာမှုန့်များကို စုပုံ၍ အပုံလိုက်သော်လည်းကောင်း၊ သိုလှောင်ရာကန်များတွင်သော်လည်းကောင်း ထည့်ကြသည်။ ဤကျောက်မီးသွေး ပြာမှုန့်များတွင် အဆိပ်သင့်ဓာတ်ကြွနေသော ပြဒါးဓာတ်၊ ခဲ၊ အာဆင်းနစ်ဓာတ်များ ပါဝင်နေကြသည်။ အပွင့်ထားသော ပြာမှုန်အပုံများ သို့မဟုတ် ဤပြာမှုန်များကို ထရပ်ကားဖြင့် ပို့ဆောင်ခြင်းကြောင့် လေထုထဲသို့ ဖုန်မှုန့်များအဖြစ် ရောက်ရှိသွားစေသည်။ ဤပြာမှုန်များကို လူ၏ အဆုပ်အတွင်းသို့လည်း အသက်ရှူမိနိုင်စေပြီး၊ ပန်းနာရင်ကျပ် ရောဂါ ခံစားရစေနိုင်သည်။ ပြာမှုန်များတွင် တည်ဆောက်ထားသည့် ဓာတ်ကြွပစ္စည်းများသည် ရေနှင့်လည်း ထိတွေ့နိုင်ပြီး၊ မြေအောက် ရေကျောများနှင့် ကျောက်မီးသွေးတွင် အညစ်အကြေးများ စုပုံရာနှင့် နီးသော နေရာများတွင် သောက်သုံးရေ အရင်းမြစ်များကို အဆိပ်သင့်စေနိုင်သည်။








**စက်ရုံများ၏ မီးခိုးငွေ့များကြောင့် အက်ဆစ်မိုးဖြစ်ပေါ်စေခြင်း**[၄၇]

"အက်ဆစ်မိုး" ဆိုသည်မှာ အာကာသမှနေ၍ အက်ဆစ်ပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ကျဆင်းလာမှုကို ဖော်ပြသည့် ခြုံငုံ သုံးသော ဝေါဟာရ ဖြစ်ပါသည်။ ကျောက်မီးသွေး လောင်စာသုံး စက်ရုံများမှ ဆာလဖာဒိုင်အောက်ဆိုဒ် (SO2) နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်များ (NOX) ကို ထုတ်လွှတ်ပါသည်။ ဤဓာတ်ငွေ့များသည် အက်ဆစ်မိုးရွာစေရန် အဓိကဖြစ်စေသော အာနိသင် ရှိသည်။ လျှပ်စစ်ထုတ်စက်ရုံ မီးခိုးခေါင်းတိုင်မှ မီးခိုးများနှင့်အတူ ဆာလဖာဒိုင်အောက်ဆိုဒ် (SO2) နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်များ (NOX) များ ထုတ်လွှတ်လိုက်သည့်အခါ ဤဓာတ်ငွေ့များက အာကာသရှိ ရေ၊ အောက်ဆီဂျင်၊ အခြား ဓာတုပစ္စည်းများနှင့် ထိတွေ့ ဓာတ်ပြုကြပါသည်။ ထို့နောက် အက်ဆစ်ဒြပ်ပေါင်း အမျိုးမျိုးကို ဖြစ်စေပါသည်။ (ပုံတွင် ဖော်ပြထားသည်ကို ကြည့်ပါ။) ဤဓာတ်ပေါင်းများသည် ကမ္ဘာမြေပေါ်ကို အက်ဆစ်မိုးအဖြစ် ပြန်ရွာလာသည့်အခါ ဤဒြပ်ပေါင်းများက ရေကန်များနှင့် ချောင်းများကိုလည်း အက်ဆစ်အဖြစ် ပြောင်းလဲစေသည်။ အပင်များနှင့် သစ်တောများကို ပျက်စီးစေသည်။ လူအများ၏ ကျန်းမာရေးကို အထူးဒုက္ခ ဖြစ်စေသည်။ မီးခိုးခေါင်းတိုင်တွင် (Scrubber) ဟု ခေါ်သည့် လေထု ညစ်ညမ်းမှု ထိန်းသိမ်းရေးပစ္စည်း တပ်ဆင်ထားပါက စက်ရုံမှ ဆာလဖာ ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု လျော့နည်း ကျဆင်းစေသည်။ သို့သော်လည်း တီကျစ်ရှိ စက်ရုံတွင် ဤပစ္စည်းကိရိယာ တပ်ဆင်ထားခြင်း ရှိ–မရှိကို မသိရပါ။

## မဲမော့ (MaeMoh)

## အရှေ့တောင်အာရှရှိ အကြီးမားဆုံး ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ထုတ်စက်ရုံမှ သင်ခန်းစာ[၅၆]

ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ မဲမော့ ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ထုတ်စက်ရုံမှာ အရှေ့တောင်အာရှဒေသတွင် ၎င်းအမျိုးအစားထဲ၌ အကြီးမားဆုံး စက်ရုံတခု ဖြစ်သည်။ ဤစက်ရုံအတွက် ကျောက်မီးသွေးကို မြေပေါ်အပွင့် သတ္တုတူးဖော်စနစ်ဖြင့် ထုတ်လုပ်ပြီး၊ စက်ရုံအတွက် တနေ့လျှင် တန်ချိန် ၄၀,၀၀၀ ထောက်ပံ့ပေးရပါသည်။ စက်ရုံမှ စုစုပေါင်းစွမ်းအင် ၂,၆၂၅ မဂ္ဂါဝပ် (MW) ထုတ်လုပ်နိုင်ပါသည်။

မဲမော့ လျှပ်စစ်ထုတ်စက်ရုံမှ လေထုထဲသို့ နေ့စဉ် ဆာလဖာဓာတ်ငွေ့များ ၁. ၆ တန်ကို ထုတ်လွှတ်နေပါသည်။ ဤစက်ရုံ တည်ဆောက်မှုနှင့် ကျောက်မီးသွေးတွင်းကြောင့် လူပေါင်း ၃၀,၀၀၀ ကျော် နေရာပြောင်းရွှေ့ခဲ့ကြရပြီး၊ လူထောင်ပေါင်း များစွာမှာ အသက်ရှူလမ်းကြောင်းရောဂါ ခံစားနေကြရပါသည်။ အသက်ရှူလမ်းကြောင်းရောဂါ၊ အဆုပ်ကင်ဆာ၊ သွေးအဆိပ်သင့်ခြင်း စသည်ဖြင့် ကျေးရွာလူထု ၃၀၀ ခန့် အသက် ဆုံးရှုံးခဲ့ရပြီး ဖြစ်ပါသည်။ စက်ရုံနှင့် (၇)မိုင် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများမှာ အသက်ရှူလမ်းကြောင်းရောဂါ ခံစားကြရပြီး၊ ပျို့အံ့ခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်း၊ မျက်စေ့ယောင်ယမ်းခြင်း၊ နှာပြွန်ယောင်ယမ်းခြင်းများ ခံစားကြရပါသည်။

လျှပ်စစ်ထုတ်စက်ရုံမှ ပျံ့သန်းနေသည့် ပြာမှုန်များနှင့် အက်ဆစ်မိုး ရွာသွန်းခြင်းကြောင့် ကျေးရွာလူထုများ၏ သီးနှံခင်းများကို လည်း အဆိပ်သင့်စေပါသည်။ သီးနှံများ ကျုံလှီ၍ သေဆုံးစေပါသည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော် သဘာဝရင်းမြစ်နှင့် သဘာဝဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် အစီအစဉ်များ ချမှတ်ရေးရုံး (State Natural Resources and Environmental Policy and Planning Office) မှ လေ့လာတွေ့ရှိရာတွင် ရေထွက်ရှိရာနေရာများနှင့် စက်ရုံအနီးတဝိုက်၌ အာဆင်းနစ်၊ ခရိုမီယမ်၊ မင်းဂနိစ်ဓာတ်များ အလွန်မြင့်မားနေသည်ကို တွေ့ရှိခဲ့ရသည်။ ၄၃

မဲမော့ကျေးရွာလူထုများက အခက်အခဲပေါင်းများစွာ ကြုံခဲ့ရသော်လည်း သူတို့အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပါသည်။ ၂၀၀၄ ခုနှစ် မေလတွင် ထိုင်းနိုင်ငံ ခရိုင်တရားရုံးတခုက ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံကြောင့် သူတို့၏ သီးနှံများ ပျက်စီးဆုံးရှုံးရမှုအတွက် ကျေးရွာလူထုများကို အမေရိကန်ဒေါ်လာ ၁၄၂, ၅၀၀ ပေးလျော်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။ ဤဆုံးဖြတ်ချက်မှာ ဆိုးရွားပျက်စီးစေသည့် ဤစက်ရုံမှ ဒေသခံပြည်သူများ၏ ဘဝများအပေါ် အန္တရာယ်ကျရောက်နိုင်ပုံကို အနည်းငယ် အသိအမှတ်ပြုမှုပင် ဖြစ်ပါတော့သည်။ သို့သော်လည်း ပျက်စီးခဲ့ရသော ဘဝများ၊ အသက်သေဆုံးခဲ့ရသူများကိုမူ ပြန်၍ အစားထိုးပေးနိုင်စရာ မရှိတော့ပါ။

*“အစပိုင်းမှာတော့ ဘာမှ မဖြစ်ဘူး ထင်ခဲ့ကြတယ်။ ဒါပေမယ့် နှစ်အနည်းငယ် ကြာလာတော့ ရွာသား တွေမှာ လည်ချောင်းကင်ဆာ ဖြစ်လာကြတယ်။ ကျွဲနွားတွေမှာတောင်မှ တချို့ မြက်တွေစားပြီး သေဆုံးသွားတာ မြင်တွေ့ရတယ်။ တခါတလေ အက်ဆစ်မိုးရွာပြီး ကျမတို့ရဲ့ စိုက်ထားတဲ့ သီးနှံ တွေကို ဖျက်ဆီးပစ်တယ်။ ”* မဲမော့ လုပ်ငန်းခွင် ကျန်းမာရေးဆိုင်ရာ လူနာများကွန်ရက်အဖွဲ့၏ အတွင်းရေးမှူး မာလိဝမ် နာ့ချ်ဝိရွတ် (Maliwan Najwirot)

Image: Greenpeace



မဲမော့တွင် အသက်ရှူလမ်းကြောင်းရောဂါ ခံစားနေရသော လူနာတစ်ဦး

## ရေညစ်ညမ်းခြင်းနှင့် ရေရှားပါးလာခြင်း

ကျောက်မီးသွေးသတ္တုတွင်းမှ စုပုံလာသည့် မြေစာများကြောင့် တောင်ကြီးများသဖွယ် မြင့်တက်လာနေသည်။ ထိုမြေစာများက ရေစီးဆင်းမှုကိုလည်း အဟန့်အတား ဖြစ်လာစေသည်။ မိုးရာသီတွင် စီးဆင်းလာသည့် ရေများက ဤမြေစာပုံကြီးများ နောက်တွင် ပိတ်မိနေကြပြီး ရေကန်ကြီးများ ဖြစ်လာသည်။ ရေများက စုပုံထားသည့် မြေစာများနှင့် စက်ရုံအတွင်း သိုလှောင်ထားသည့် ကျောက်မီးသွေးပုံများကို ဖြတ်၍ တိုက်စားကာ စီးဆင်းကြပြန်သည်။ ဤသို့နှင့် တီကျစ်ချောင်းထဲသို့ အညစ်အကြေးများ ပို့လွှတ်သည့်နှယ် ရှိလာတော့သည်။ မြေစာပုံကြီးများ နောက်ကွယ်တွင် ရှိနေကြသည့် စိုက်ပျိုးမြေများမှာလည်း နှစ်စဉ်ဆိုသလို ညစ်ထေးနေသည့် ရေများလွှမ်းခံကြရသည်။

လျှပ်စစ်ဓာတ်အားထုတ်စက်ရုံမှ လွင့်လာသည့် အဆိပ်သင့်ပြာမှုန်များလည်း ကျောက်မီးသွေးတွင်းမှ စွန့်ပစ်ပစ္စည်းပုံကြီးများအပေါ် သို့မဟုတ် ဒေသတွင်းလမ်းများပေါ် ကျရောက်သည်။ ဒေသတွင်း ရေတွင်း ရေကန်များထဲသို့ ကျရောက်စီးဝင်ကြသည်။ ၎င်းပြာမှုန်အချို့က အင်းလေးကန်ထဲသို့ပင် နောက်ဆုံး စီးဝင်လာကြသည်။

ကျောက်မီးသွေးတွင်း နက်သည်ထက် နက်အောင် တူးလာသည်နှင့်အမျှ မြေအောက် ရေကြောများကို ထိမိသဖြင့် ကျောက်မီးသွေးသတ္တုတွင်း အတွင်းတွင် ရေများလျှံထွက်လာကြသည်။ ဤရေများကို စက်များဖြင့် စုပ်ယူ၍ တီကျစ်ချောင်းထဲသို့ ပို့လွှတ်ကြပြန်သည်။ ဤသို့ဖြင့် တီကျစ်ချောင်းရေသည် မြေစာပုံများ၊ အညစ်အကြေးများမှ တိုက်စားစီးဆင်းလာသောရေများ၊ ကျောက်မီးသွေးပြာမှုန်များဖြင့်၊ သတ္တုတွင်းများမှ စုပ်ထုတ်၍ သွန်လာသော ရေများဖြင့် အမြဲတမ်း ညစ်ထေး နောက်ကျိနေတော့သည်။ ယခင်က ချောင်းရေကို ရေချိုးရန် သုံးစွဲနိုင်ကြသော်လည်း၊ ယခုအခါ အသုံးမပြုနိုင်ကြတော့ပေ။ သို့သော်လည်း ဤသို့ ညစ်ညမ်းနေသော ရေများကိုပင် စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲနေကြရသေးသည် ဖြစ်ရာ၊ သီးနှံများတွင်လည်း အဆိပ်အတောက်များ သင့်ရန် အကြောင်းရှိနေတော့သည်။





သဘာဝမဟုတ်ဘဲ ကျောက်မီးသွေးတွင်းမှ စွန့်ပစ်မြေစာပုံကြီး၏ ဖန်တီးထားသောရေကန်



ကျောက်မီးသွေးတွင်းမှ ရေထွက်လာသဖြင့် ဒေသခံအသုံးပြုနေသည့် သဘာဝရေကန်ကြီးခမ်းခြောက်ရသည့်ပုံ

ဒေသတွင်း ချောင်းများတွင် သတ္တုတွင်းမှ စွန့်ထုတ်သည့် အညစ်အကြေးများ မြင့်မားစွာ အနည်ကျနေရာ၊ လယ်ယာစိုက်ပျိုးမြေများမှာလည်း အလွန်မာကျောလာသည်။ ထို့အပြင် ဤမြေယာများမှ သီးနှံထုတ်လုပ်နိုင်စွမ်းလည်း ကျဆင်းလာသည်ဟု ရွာသားများက ပြောဆိုကြသည်။

*“ကျောက်မီးသွေးတွင်းထဲမှာ ရေတွေ ထွက်လာတော့၊ ပြုန်းတန်ရွာဘုန်းကြီးကျောင်းနောက်က ရေကန် ခမ်းသွားတယ်။ အဲဒီ ရေကန်ရဲ့ ရေကျောက ကျောက်မီးသွေးတွင်း တူးတဲ့နေရာနဲ့ ရေကျောတခုတည်းဆိုတာ ကျနော်တို့ မသိကြဘူး။ တီကျစ်ရွာထဲက အဝီစိတွင်းတွေလည်း ရေခမ်းသွားကြတယ်။ တီကျစ်ဘုန်းကြီးကျောင်း ဆရာတော်က ရွာလယ်ရှိ ရေကန်ကို တောင်ပေါ်က စမ်းရေနဲ့ ပြန်ဖြည့်တော့မှပဲ ကျနော်တို့ ရေသုံးဖို့ရတော့တယ်။ ”*

*(တွေ့ဆုံမေးမြန်းခြင်း–၆)*

တီကျစ်ကျောက်မီးသွေးတွင်းသည် အင်းလေးကန်၏ ရေဝေရေလဲ ဒေသအတွင်းတွင် တည်ရှိပါသည်။ တီကျစ်ချောင်းနှင့် ဘီလူးချောင်းတို့မှတဆင့် လူအများ မလေ့လာ မသိရှိနိုင်သော၊ ထိန်းချုပ်မှု မပြုနိုင်သော အနည်များ စီးဝင်လျှက်ရှိသည်။ မကြာသေးမီက အင်းလေးကန်အတွင်း ရေပြင်ကျဆင်းသွားခဲ့ရာ ဤသို့ အနည်ကျမှုများကြောင့် ပို၍ စေးပြစ်လာရန် အကြောင်း ရှိနေသည်။ သို့အတွက်ကြောင့် တီကျစ်ကျောက်မီးသွေးသတ္တုတွင်း ဂေဟဗေဒစနစ် တခုလုံး ကျန်းမာရှင်သန်ရေးကို ခြိမ်းခြောက်နေလျှက် ရှိပြီး၊ အင်းလေးကန်ထဲရှိ သဘာဝမျိုးစိတ်များ ရှင်သန်ရေးအပေါ်တွင်လည်း ခြိမ်းခြောက် အန္တရာယ် ပေးနေသည်။

ဘီလူးချောင်းအတွင်း စီးဆင်းလာသည့် ကျောက်မီးသွေး အနည်နှစ်များနှင့် အညစ်အကြေးများသည် မိုးပြဲဆည် နောက်၌လည်း စုပုံလာမည်။ ဤဆည်မှ အောက်ဖက်ရှိ မိုးပြဲနှင့် လွိုင်ကော်မြို့များသို့ ရေပို့လွှတ်ပေးနေသည်။ ဘီလူးချောင်း အထက်ပိုင်းတွင်လည်း ၂၈ မဂ္ဂါဝပ် ထုတ်နိုင်သည့် ရေကာတာတခု တည်ဆောက်ထားရာ တီကျစ်သတ္တုတွင်းမှ အနည်အနှစ်များ၊ အညစ်အကြေးများ စုပုံမိလာစေမည် ဖြစ်သည်။ ထို့နောက် ရေလွှဲတံခါး ဖွင့်သည့်အခါ ရေများက အောက်အရပ်သို့ ဆက်၍ ဆင်းသွားကြမည် ဖြစ်သည်။

## အသံဆူညံမှုများ

နေ့စဉ်နှင့်အမျှ နေ့ရောညပါ ကျောက်မီးသွေး တူးဖော်ထုတ်လုပ်ရာ သတ္တုတွင်းမှ ဆူညံသံများကြောင့် ကလေးများရော၊ သက်ကြီးရွယ်အိုများပါ အထူးအနှောက်အယှက် ဖြစ်ကြရသည်။ သတ္တုတွင်းနေရာမှ ဖောက်ခွဲသည့် အသံများ၊ လျှပ်စစ်စက်ရုံမှ အသံများသည် ကျောင်းသားများကို အနှောင့်အယှက် ဖြစ်စေပြီး၊ အသံကြောင့် ကျောင်းစာလေ့လာမှုကိုလည်း ဖြောင့်အောင် အာရုံမစိုက်နိုင်ကြတော့ပေ။

*"လျှပ်စစ်ထုတ်စက်ရုံဆီက အသံတွေက ညရောက်လာလေလေ၊ ပိုပြီးကျယ်လောင်လာလေလေပဲ။ လူတွေလိုပဲ၊ ကျနော်ထင်တာကတော့ နွားတွေ၊ ကျွဲတွေတောင် မအိပ်နိုင်ကြဘူး။ သူတို့ညတွေမှာဆိုရင် ထူးထူးခြားခြား အသံပြုနေတာတွေ ရှိတယ်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံ မဆောက်ခင်တုန်းက အဲသည်လို ထူးထူးဆန်းဆန်း အသံလုပ်တာတွေ မရှိကြဘူး။"* *(တွေ့ဆုံမေးမြန်းခြင်း–၂)*

ကျောက်မီးသွေးတွင်းတွင် ဖောက်ခွဲမှုကြောင့် ဖြစ်လာသည့် တုန်ခါမှုများသည် ကျေးရွာရှိ အိမ်များ၊ ကျောင်းများ၊ အဆောက်အဦးနှင့် စေတီများကိုပါ အက်ကွဲစေသည်။ ပေါက်ကွဲသည့်နေရာမှ လွင့်စင်လာသော ကျောက်တုံးများ၊ ကျောက်စများကြောင့်လည်း အိမ်ခေါင်မိုးများတွင် စကာပေါက် ဖြစ်စေသည်။ လွင့်ကျလာသော ကျောက်စများက ရွာသားများကို ထိမှန်ဒဏ်ရာ ရစေသည်လည်း ရှိသည်။

## ယဉ်ကျေးမှု ဖျက်ဆီးခံရခြင်းများ





"ဒီဘုရားက ကျမမမွေးခင် ကတည်းက ဒီမှာ ရှိနေတာ ... ... "
ကျောက်မီးသွေးတွင်းမှ ပေါက်ကွဲမှုများ အရှိန်အဟုန်ကြောင့် မြေကြီးတုန်လှုပ်ပြီး တီကျစ်ကျေးရွာရှိ ရှေးဟောင်းစေတီမှာ အက်ပြီး ပြိုကျခဲ့ရသည်။ ဤသို့ စေတီပြိုကျ ပျက်စီးမှုကြောင့် ကျေးရွာလူထုများ ဒေါသထွက်ကြရသည်။ ကျေးရွာလူထုများနှင့် ကုမ္ပဏီလုပ်သားများအကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှုကို ရှောင်ရှား နိုင်စေရန်၊ တီကျစ်ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်က ဤ ပြဿနာကို ကြားဝင်စေ့စပ် ဖြန်ဖြေပေးခဲ့ရသည်။ နောက်ပိုင်းတွင် ကျေးရွာလူထုများက ပြိုကျပျက်စီးသွားသည့် စေတီမှ အပိုင်းအစများ ကို ကောက်ယူကြပြီး၊ ယခင် နေရာဟောင်းတွင် စုပုံထားကြသည်။ ဤနေရာကို ခြံခတ်၍ ထားကြသည်။

*"စေတီလည်း ပြိုကျရော ရွာသားတွေနဲ့ ကုမ္ပဏီလုပ်သားတွေကြားထဲမှာ ရန်ဖြစ်တော့မယ့် နီးပါး ဖြစ်တယ်။ ရွာသား အများစုက သိပ်စိတ်ဆိုးတယ်။ အချို့ဆိုရင် ငိုတောင်ငိုတယ်။ ကျနော်တို့က ဘုရားမှာ နှစ်စဉ်ပွဲလမ်းကျင်းပလာတာ။ လူတွေလည်း အများကြီးနဲ့ စည်စည်ကားကားပဲ။ မိသားစု ဆွေမျိုးတွေ ပြန်ဆုံတွေ့ကြတဲ့ အချိန်ပေ့ါ။ အခုတော့ ပွဲလမ်းကျင်းပစရာ ဘုရားစေတီလည်း မရှိတော့ဘူး။ ဘုန်းကြီးတပါးကတော့ စေတီကို ပြန်တည်လို့ ရနိုင်ပါတယ်လို့ ပြောတယ်။ ဒါပေမယ့် မြေကြီးက တခုခု တည်ဖို့ မခိုင်သေးဘူး။ "* *(တွေ့ဆုံမေးမြန်းခြင်း–၁၀)*

ကုမ္ပဏီက မြေကြီးများ မာ၍ ပိုအခြေကျလာသည့်အခါ ဤစေတီကို ပြန်လည်တည်ဆောက်ပေးမည်ဟု ကတိပေးသည်။ သို့သော်လည်း ကျောက်မီးသွေးသတ္တုတွင်းမှ အမြဲတစေလိုလို ဖောက်ခွဲနေမှုများ တုန်လှုပ်မှုများ ဆက်ရှိနေဦးမည် ဖြစ်ရာ မြေကြီးတည်ငြိမ်ရန် အကြောင်း မည်သို့မျှ မရှိနိုင်ပေ။ စေတီကို ပြန်လည်တည်ဆောက်သည် ဖြစ်စေ၊ မတည်ဆောက်သည် ဖြစ်စေ၊

ကျေးရွာလူထုများက ယုံကြည်နေကြသည်မှာ ဤစီမံကိန်းကြောင့် ဒေသနတ်များ ဝိဉာဉ်များကို အနှောက်အယှက် ဖြစ်စေပြီး၊ တန်ပြန် လက်စားချေခံရမည်ဟု ထင်မြင်ယုံကြည်နေကြသည်။



*"ဘုရားပြိုပျက်ပြီးတဲ့ အခါမှာတော့ သံဃာတပါးက ရွာအေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီ (ရယက)က လူတယောက်ယောက် သေလိမ့်မယ်လို့ အိပ်မက်တယ်။ သိပ်မကြာခင် မှာပဲ လူတယောက်သေတယ်။ အခုတော့အဲဒီ သံဃာကပဲ အိပ်မက် ထပ်မက်ပြန်တယ်။ လူနှစ်ယောက်သေလိမ့်မယ်လို့။ အလုပ်သမားတွေက ညောင်ပင်ကြီးကို ထရပ်ကားတွေနဲ့ ဆွဲလှဲဖို့ ကြိုးစားပြန်တော့ ထရပ်ကားက မရွေ့ပြန်ဘူး။ ဒါပေမယ့်လည်းသူတို့က ညောင်ပင်ကို ပြန်စိုက်ပေးတော့ သူတို့ ကားက လွယ်လွယ်ကူကူပဲ ပြန်ရွေ့လို့ရသွားတယ်။ အခုတော့ ညောင်ပင်မှာ မြွေတကောင်က နေပြီး ညောင်ပင်ကိုစောင့်ပေးနေတယ်။"*

*(တွေ့ဆုံမေးမြန်းခြင်း–၁၀)*






ထိုင်းနိုင်ငံ ဉဒွန်းဌာနီတွင် ကျေးရွာလူထုများက သူတို့ရွာထဲသို့ ပိုတက်ရှ်သတ္တုတွင်း ကုမ္ပဏီဝင်ရောက်မလာစေရန် သူတို့၏ အိမ်များတွင် ဆိုင်းဘုတ်များတင်ထားကြပုံ။

## ပြည်သူများ ထုတ်ဖော်ပြောဆိုသည့်အခါ စီမံကိန်းများ ရပ်ဆိုင်းကြရသည်။

၂၀၀၀ ခုနှစ် မေလတွင် ရွှေတြိဂံ ရေအားလျှပ်စစ်စွမ်းအင် ပုဂ္ဂလိကကုမ္ပဏီ လီမိတက်က ၁၂ မဂ္ဂါဝပ်ထုတ်နိုင်သော ကျောက်မီးသွေး လောင်စာသုံး ရေနွေးငွေ့ လျှပ်စစ်စက်ရုံတရုံကို တာချီလိတ်မြို့၏ မြောက်ဖက် ထိုင်းနိုင်ငံနှင့် နယ်စပ်ကပ်လျက် ရှမ်းပြည်နယ်ထဲတွင် တည်ဆောက်ခဲ့သည်။ ထိုင်းနိုင်ငံဖက်ခြမ်းနေ ပြည်သူများက ဤလျှပ်စစ်စက်ရုံကြောင့် ဖြစ်လာမည့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို အထူးစိုးရိမ်ကြပြီး၊ သူတို့၏ ရပ်ရွာကို ကာကွယ်ရန် အဖွဲ့တခု ဖွဲ့စည်းခဲ့ကြသည်။ စက်ရုံတည်ဆောက်ရန် ပစ္စည်းကိရိယာများ သယ်ဆောင်လာသည့် ထရပ်ကားများကို သူတို့စုရုံးတားဆီးကြသည်။ အစိုးရထံ စာရေးကန့်ကွက်ကြသည်။ စီမံကိန်းကို ဆန့်ကျင်ကြောင်း ပိုစတာများ ကပ်ကြသည်။ ဤသို့ လူအများလှုပ်ရှားမှုကြောင့် လူအများက ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံ၏ ဆိုးကျိုးများကို ပိုမိုသိရှိလာကြသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်ကြပြီး နောက်ဆုံးတွင် လျှပ်စစ်စက်ရုံကို ၂၀၀၁ ခုနှစ် ဧပြီလတွင် ရပ်ဆိုင်းခဲ့ရသည်။



## နိဂုံးနှင့် အကြံပြုချက်များ

အကယ်၍ တီကျစ်ကျောက်မီးသွေးတွင်း စီမံကိန်းကို ဆက်လက်ဆောင်ရွက်ပါက သတ္တုတွင်းကို ဗဟိုပြုပြီး (၅)မိုင် ပတ်လည်တွင် နေထိုင်နေကြသည့် ကျေးရွာလူထု ၁၂,၀၀၀ ကျော်နှင့် အလုပ်သမားများသည် ကျန်းမာရေး ပြဿနာနှင့် ကြုံတွေ့ရမည်ဖြစ်ပြီး၊ ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ မဲ့မောကျေးရွာလူထုများ ခံစားရသလို အသက်ရှူရခက်ခဲသည့် ပြဿနာ နှင့် ရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်ပေသည်။ ကျေးရွာလူထုများအနေဖြင့် သူတို့၏ ရိုးရာစဉ်လာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးကြရမည် ဖြစ်ပြီး၊ နေ့စဉ်နှင့်အမျှ စိုက်ပျိုးမြေများ ဆုံးရှုံးကာ ဆင်းရဲမွဲတေကြရမည် ဖြစ်သည်။ နေရာမှ ရွှေ့ပြောင်းကာ အခြေချကြရမည် ဖြစ်သည်။ ကျောက်မီးသွေးသတ္တုတွင်းကြောင့် ညစ်ညမ်းနေသည့် ရေများသည် ဘီလူးချောင်းအတွင်း စီးဝင်သွားကာ မြန်မာနိုင်ငံ၏ အဖိုးမဖြတ် နိုင်သည့် အင်းလေးကန်လည်း ညစ်ညမ်းစေမည် ဖြစ်သည်။ သို့အတွက်ကြောင့် အောက်ဖော်ပြပါ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းလိုပါသည်။

## စစ်အစိုးရနှင့် ကုမ္ပဏီများ အနေဖြင့်–

(၁) ကျောက်မီးသွေး သတ္တုတွင်းတူးဖော်မှုကို ရပ်ဆိုင်း၍ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရိုက်ခတ် သက်ရောက်မှုများကို ပြန်လည်စစ်ဆေးပါရန်။

(၂) တီကျစ် ကျောက်မီးသွေး သတ္တုတွင်းနှင့် အင်းလေးကန်ရှိ ရေထုညစ်ညမ်းမှုကို စစ်ဆေးရေးအတွက် သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

(၃) ထိခိုက်နစ်နာခဲ့ရသော မိသားစုများကို လုံလောက်သည့် လျော်ကြေးငွေနှင့် ထောက်ပံ့မှုများ ပြန်ပေးပါရန်။

## ထို့အပြင် ဒေသခံ ရပ်ရွာလူထုများအနေဖြင့်–

(၁) မိမိကိုယ်တိုင် တိတိကျကျ နားမလည်ဘဲနှင့် သင့်လျော်သည့် လျော်ကြေးငွေများ မရရှိဘဲနှင့် စာချုပ်များ လက်မှတ် ရေးထိုးပေးခြင်းကို ရှောင်ရှားပါရန်။

(၂) ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းနှင့် သဘာဝပတ်ဝန်းကျင်ရင်းမြစ်များကို ထိခိုက်ပျက်စီးစေသည့် အကျင့်ပျက် ခြစားမှုများနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများကို ကန့်ကွက်ဆန့်ကျင်ကြပါရန် ... တိုက်တွန်းအပ်ပါသည်။

**ကျမ်းကိုး**

[၁]“Myanmar population hits over 59 mln in 2009” July 1, 2010,http://english.peopledaily.com.cn/90001/90777/90851/7049436.html, accessed on 15 September 2010.

[၂] Ibid.

[၃] ပြည်သူအများစု ကျပ် (၁၀၀) တန်မီး အားကိုးနေရဆဲ (မျိုးဝင်းဇော်) 14 pufwifbm 2010? ခေတ်ပြိုင်ဂျာနယ်။ www.khitpyaing.org/index.php?route=detail&id=4464 accessed on 15 September 2010.

[၄] Development in Myanmar Energy Sector, Energy Planning Department, Ministry of Energy, Union of Myanmar, SEF-2, Ho Chi Minh City in Viet Nam, 22 October 2008 at http://www.adb.org/Documents/Events/Mekong/Proceedings/SEF2-Annex6.4-Myanmar-Presentation.pdf, accessed on June 28, 2010

[၅] “More private companies cooperate with Myanmar gov’t in mineral extraction,”http://news.xinhuanet.com/english2010/business/2010-07/06/c_13385989_4.htm, accessed on August 27, 2010.

[၆] Coal Sub-sector accessed on 23 September 2010 at http://www.energy.gov.mm/coalsubsector.htm

[၇] “Iron and steel industry being improved….” NLM, pg.4, 22 March 2010.

[၈]Coal, the NEED project, http://www.need.org/needpdf/infobook_activities/SecInfo/CoalS.pdf (accessed 28 July 2010)

[၉] Coal power is the biggest culprit, WWF, http://wwf.panda.org/about_our_earth/aboutcc/cause/coal/

[၁၀] What is Coal? World Coal Institute http://www.worldcoal.org/coal/what-is-coal/ (accessed 28 July 2010)

[၁၁] Country report: Progress of power development plans and transmission interconnection projects, Myanmar, Greater Mekong sub-region, eighth of regional power trade coordination committee (RPTCC-8), eighth meeting of focal group (FG-8), seventh meeting of planning working group (PWG-7), Luang Prabang, Lao PDR, 25-27 November 2008.

[၁၂]“Chinese corporation, local company to implement Mawlaik hydropower, Kalewa coal-fi red thermal power plant projects,” NLM, 28 May 2010, “Electric power projects to improve public living status,” NLM, 28 October 2010.

[၁၃]Future project (Gas/Coal), http://www.aseanenergy.org/energy_sector/electricity/myanmar/future_electricity_projects.htm accessed on November 12, 2010. In June 2010 Norinco, a major Chinese weapons producer, signed a cooperation agreement with Burma’s regime for the Monywa mining project just weeks after selling the dictatorship heavy military artillery. See မုံရွာ ကြေးနီသတ္တုတူးဖော်ရေးအတွက်တရုတ်–မြန်မာ လက်မှတ်ထိုးပွဲ (သိန်းလင်း), Myanmar Times (Burmese Version) at http://www.myanmar. mmtimes.com/2010/property/473/buss02.html, accessed on August 27, 2010 and “Norinco sold Burma arms pre-copper deal,” Democratic Voice of Burma, 29 June 2010.

[၁၄]Improve Electricity for Yangon Industry at http://www.mmtimes.com/2010/news/515/n51501.html, accessed on August 27, 2010.

[၁၅]The zones are Hlaing Tharyar, Shwe Pyi Thar and Shwe Lin Pan. Improve Electricity for Yangon Industry at http://www.mmtimes.com/2010/news/515/n51501.html, accessed on August 27, 2010.

[၁၆] “Only when people rely on own strength will modern and developed nation emerge; achievements of development projects will refl ect better inter-relationship among national people and contribute to flourishing of Union Spirit,” Senior General Than Shwe addresses Special Projects Implementation Committee Meeting, NLM, 7 March 2010 at http://myanmargeneva.org/10nlm/mar/n100307.htm, accessed on August 27, 2010.

[၁၇]Summary of Thailand power development plan 2010-2030, http://www.egat.co.th/thai/fi les/Report%20PDP2010-Apr2010_English.pdf, accessed on August 27, 2010.

[၁၈] “Thai company signs Myanmar port deal,” Agence France-Presse, 4 November 2010, Ital-Thai project documents, and ထားဝယ် ရေနက်ဆိပ်ကမ်း စီမံကိန်းသည် အရှေ့နှင့် အနောက်စီးပွားရေး စင်္ကြံန်၌ အရေးပါလာမည်ဖြစ်ရာ …တရုတ် … …” (ဖြိုးမောင်မောင်)။ , The Myanmar post

[၁၉] “An Industrial Project That Could Change Myanmar,” New York Times, 26 November 2010.

[၂၀] NLM, 7 March 2010 at http://myanmargeneva.org/10nlm/mar/n100307.htm, accessed on August 27, 2010. 48

[၂၁] အင်းလေးကန်နှင့် မိုင် (၂၀) ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မြင်ကွင်းများ Kyaymon News (The Mirror), 30 September 2010 pg. 20.

[၂၂] At Indein village, the Balu creek diverges into two creeks. The south branch of the creek fl ows west of Paw Daw Oo Pagoda and the north branch of the creek fl ows near Ywama village into the Lake.

[၂၃] “Only when people rely on strength will modern and developed nation emerge,” New Light of Myanmar (NLM), 7 March 2010, pg. 6.

[၂၄] အင်းလေးကန်၌ ကမ္ဘာတွင် မျိုးစိတ်သစ် ဖြစ်လာဖွယ်ရှိသော ဖားသုံးမျိုး တွေ့ရှိထား Weekly Eleven News Journal, Vol-3 No-51, pg. 9, 2008.

[၂၅]http://birding.sstmyanmar.com/inle-wetland-bird-sanctuary-ecotourism-asean-heritage-sitemyanmar-and-southeast-asia

[၂၆] အင်းလေးကန်နှင့် မိုင် (၂၀) ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မြင်ကွင်းများ Kyaymon News (The Mirror), pg. 11, 20, September 30, 2010.

[၂၇] ရှမ်းပြည်နယ်တောင်ပိုင်းတွင် ငါးစားသုံးမှု မြင့်တက်ကာ အင်းလေးကန်ဒေသမှ ငါးဖမ်းယူရရှိမှု လျော့နည်း http://www.news-eleven.com/index.php?option=com_content&view=article&id=4495:2010-08-26-09-18-43&catid=45:2009-11-10-07-45-41&Itemid=113eleven.com/index.php?option=com_content&view=article&id=4495:2010-08-26-09-18-43&catid=45:2009-11-10-07-45-41&Itemid=113 accessed on November 12, 2010.

[၂၈] During the 65-year period from 1935 to 2000, the net open water area of Inle Lake decreased from 69.10 $km^2$ to 46.69 $km^2$, a loss of 32.4%. Roy C. Sidle, Alan D. Ziegler and John B. Vogler (April 2007). “Contemporary changes in open water surface area of Lake Inle, Myanmar”. Sustainability Science 2 (1): 55–65. doi:10.1007/s11625-006-0020-7. ISSN 1862-4065. http://www.springerlink.com/content/a2t64l5768505464/.

[၂၉] “Water surface area of Inlay Lake shrunk from 40 square miles to 27 in summer,” Reported by Nay Pyi Taw News Crew, Eleven Media Group, accessed on 16 September 2010 at http://eversion.elevenmediagroup.net/index.php?option=com_content&view=article&id=674:water-surface-area-of-inlaylake-shrunk-from-40-square-miles-to-27-in-summer&catid=43:biweekly-eleven-eversion&Itemid-=110

[၃၀] “More Equipment arrives for Shan State coal mine,” Myanmar Times, 4 May 2004 at http://www.myanmar.gov.mm/myanmartimes/no211/MyanmarTimes11-211/012.htm, accessed on August 2010.

[၃၁] “Construction project of Tikyit coal-fi re power station inspected in Pinlaung,” NLM, 20 July 2003, accessed on August 27, 2010 at http://mission.itu.ch/MISSIONS/Myanmar/03nlm/n030710.htm,

[၃၂] Ibid.

[၃၃]“Tigyit coal-fi re power station that will fulfi ll the electricity needs,” NLM, 16 September 2003, http://www.myanmar.gov.mm/Article/Article2003/sep/Sept16b.htm, About CHMC introduction http://www.chmc2003.com:8640/gsjj.htm accessed on August 27, 2010.

[၃၄] “MEPE plans coal-fi red power station,” Myanmar Times, 24 September 2001. http://www.myanmar.gov.mm/myanmartimes/no82/myanmartimes5-82/News/new.htm, accessed on August 27, 2010.

[၃၅] Interview # 12

[၃၆]“Of the two turbines of Tikyit coal-fi red power plant, one is generating electricity at full capacity as it was completed in 2004, The other one will start generating power beginning April last week,” NLM, April 16, 2005, accessed on 20 September 2010 at http://www.myanmar.gov.mm/NLM-2005/April05/enlm/April16_h2.html

[၃၇] Country report: Progress of Power Development Plans and Transmission Interconnection Projects, Myanmar, Greater Mekong Sub-region eighth meeting of regional power trade coordination committee
(PRTCC-8), eighth meeting of focal group (FG-8) and seventh meeting of planning working group (PWG-7), Luang Prabang, Lao PDR, 25-27 November 2008.

[၃၈] "Russian business presence becoming stronger in Burma," Mizzima News at http://www.mizzima.com/news/inside-burma/1422-russian-business-presence-becoming-stronger-in-burma-.html, accessed on November 13, 2010.

[၃၉] "$21m Cement Factory Underway," Myanmar Times, August 8-14, 2005 at http://www.myanmar.gov.mm/myanmartimes/no278/MyanmarTimes14-278/b002.htm accessed August 28, 2010.

[၄၀] "Tigyit coal-fire power plant station that will fulfill the electricity needs," New Light of Myanmar, 16 September 2003 at http://www.myanmar.gov.mm/Article/Article2003/sep/Sept16b.htm, NLM, 16 April 2005 http://www.myanmar.gov.mm/NLM-2005/April05/enlm/April16_h2.html accessed on August 27, 2010.

[၄၁] Country report: Progress of Power Development Plans and Transmission Interconnection Projects, Myanmar, Greater Mekong Sub-region eighth meeting of regional power trade coordination committee (PRTCC-8), eighth meeting of focal group (FG-8) and seventh meeting of planning working group (PWG-7), Luang Prabang, Lao PDR, 25-27 November 2008.

[၄၂] "အင်းလေးကန် မိုင် (၂၀) ပတ်ဝန်းကျင် စိမ်းလန်းသိုပြေရေးအတွက် သစ်တောများ ထိန်းသိမ်းရေးနှင့် တီကျစ် ကျောက်မီးသွေးပြာ"သတင်းဆောင်းပါး။ (ရဲလင်းအောင်– အင်းလေး), NLM, 24 July 2008.

[၄၃] See PYO's report Robbing the Future (June 2009) and update briefer Save our Mountain Save our Future (October 2010) at http://pyo-org.blogspot.com

[၄၄] "Iron and steel industry being improved…", NLM, 22 March, 2010, p#4: accessed 20 September 2010 at http://myanmargeneva.org/NLM2010/eng/3Mar/n100322.pdf



[၄၅] The Myanmar Mines Law, The State Law and Order Restoration Council (The State Law and Order Restoration Council Law No 8/94), 6th September, 1994 accessed at http://www.mining.com.mm/ on November 10, 2010.

[၄၆] Status and Current Issues of Mining Regulatory Regime in Myanmar, Soe Mra, Director General, Department of Mines, Ministry of Mines at http://www.freewebs.com/myanmarmines/regulatory.htm. Accessed November 30, 2010.

[၄၇] Bokoshe: The Toxic Truth accessed on September 25, 2010 at http://www.oklahomalovesgreen.com/page.html, "Is coal ash poisoning Charlotte area drinking water? by Rhiannon Bowman (published 09.07.10) assessed September 25, 2010 at http://charlotte.creativeloafing.com/gyrobase/is_coal_ash_poisoning_charlotte_area_drinking_water_/Content?oid=1041443, "Coal Ash Contaminates Groundwater and Drinking Water Sites in 21 States" http://current.com/news/92665216_coal-ashcontaminates-groundwater-and-drinking-water-sites-in-21-states.htm

[၄၈] "What is acid rain and what causes it?" accessed on September 25, 2010 at http://www.policyalmanac.ort/environment/archive/acid_rain.shtml

[၄၉] "The Grievous Mae Moh Coal Power Plant," 2 February 2008 at http://developmentdebacles.blogspot.com/2008/02/grievous-mae-moh-coal-power-plant.html

[၅၀] "Tachilek Power Plant: Skepticism over work halt," The Nation, 20 December 2001. www.burmalibrary.org/TinKyi/archives/2001-12/msg00008.html, accessed on June 28, 2010. "Chronology of Thai Anti-power Plant Struggle Against Burma," Bangkok Post, 24 June 2001.

နောက်ဆက်တွဲ (၁)

ကျောက်မီးသွေးသတ္တုတွင်းမှ (၅) မိုင်ပတ်ဝန်းကျင်ရှိ လူနေရပ်ရွာများ

| စဉ် | ကျေးရွာ | အိမ်ထောင်စု | လူဦးရေ | တိုင်းရင်းသားလူမျိုး |
|---|---|---|---|---|
| ၁ | ပင်မှီကုန်း (မြောက်) | ၇၅ | ၄၅၃ | ပအိုဝ်း |
| ၂ | ပင်မှီကုန်း (တောင်) | ၃၃ | ၁၈၆ | ပအိုဝ်း |
| ၃ | တောင်ပို့လ (နေရာသစ်) | ၂၇ | ၁၄၉ | ပအိုဝ်း |
| ၄ | သာယာကုန်း | ၇၇ | ၃၉၅ | ပအိုဝ်း |
| ၅ | ပြင်သာ | ၃၆ | ၁၈၅ | ပအိုဝ်း |
| ၆ | ဆည်ခေါင်း | ၂၁၀ | ၁၁၇၃ | ပအိုဝ်း၊ ရှမ်း၊ တောင်ရိုး |
| ၇ | နောင်မွန် | ၁၀၁ | ၅၈၀ | ပအိုဝ်း၊ တောင်ရိုး |
| ၈ | သပြုမော် | ၅၇ | ၂၈၇ | ပအိုဝ်း၊ ရှမ်း |
| ၉ | ဖရားဗွာ (တောင်) | ၁၀၄ | ၅၄၀ | ပအိုဝ်း၊ ရှမ်း |
| ၁၀ | ဖရားဗွာ (မြောက်) | ၃၂ | ၁၃၈ | ပအိုဝ်း၊ ရှမ်း |
| ၁၁ | ဖရားဖြိန်း | ၄၇ | ၁၈၆ | ပအိုဝ်း၊ ရှမ်း |
| ၁၂ | ဖရားဖြိန်း | ၆၅ | ၃၂၁ | ပအိုဝ်း၊ ရှမ်း |
| ၁၃ | မီးသွေးချောင်း | ၈၃ | ၃၅၈ | ပအိုဝ်း၊ ရှမ်း |
| ၁၄ | တပ်ကုန်း | ၈၇ | ၃၉၆ | ပအိုဝ်း၊ ရှမ်း |
| ၁၅ | ဖက်ခေါ်ကုန်း | ၄၉ | ၁၉၁ | ပအိုဝ်း၊ ရှမ်း၊ တောင်ရိုး၊ ဗမာ |
| ၁၆ | တီကျစ် | ၄၉၉ | ၂၉၀၇ | ပအိုဝ်း၊ ရှမ်း၊ တောင်ရိုး၊ ဗမာ |
| ၁၇ | ဖရားတော်ဆျူး | ၇၉ | ၃၆၈ | ပအိုဝ်း |
| ၁၈ | ထီးကတူး (ခေါ်) လွှင်ရွှာ | ၁၀၈ | ၉၄၁ | ပအိုဝ်း၊ ရှမ်း၊ တောင်ရိုး၊ ဗမာ |
| ၁၉ | ပါလိုင်း | ၄၂ | ၂၃၁ | ပအိုဝ်း |
| ၂၀ | ကုန်စိမ် | ၄၀ | ၂၀၆ | ပအိုဝ်း၊ တောင်ရိုး |
| ၂၁ | လိုင်ခါး | ၄၈ | ၂၇၄ | ပအိုဝ်း၊ ဗမာ |
| ၂၂ | လွှယ်တဲ့ (တောင်) | ၅၇ | ၃၇၄ | ပအိုဝ်း၊ တောင်ရိုး |
| ၂၃ | လွှယ်တဲ့ (မြောက်) | ၃၆ | ၂၁၈ | ပအိုဝ်း၊ တောင်ရိုး |
| ၂၄ | ဘန်းမတ် | ၂၃ | ၁၂၄ | ပအိုဝ်း |
| ၂၅ | မုန်းပင် | ၇၀ | ၄၁၂ | ပအိုဝ်း၊ တောင်ရိုး |
| | စုစုပေါင်း | ၂၀၈၅ | ၁၁၅၉၂ | |

နောက်ဆက်တွဲ (၂)။ ၂၀၀၃ ခုနှစ်တွင် တီကျစ်ကျောက်မီးသွေး စီမံချက်ကြောင့် အတင်းအကျပ် ရွှေ့ပြောင်းခံရသော ကျေးရွာ လူထုများ။

| စဉ် | အမည် | အသက် | မိသားစု အရေအတွက် | ကျေးရွာ | လျော်ကြေးရသောငွေ (ကျပ်) |
|---|---|---|---|---|---|
| ၁ | ဂျန်ဖာမော်ဖုန်း | ၆၃ | ၁၀ | တောင်ပို့လျ | ၁၇၀၀၀၀ |
| ၂ | ဂျန်ဖာမောင်ဖွိုင်း | ၄၈ | ၇ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၃ | ဂျန်ဖာမောင်ဖွဲ | ၅၂ | ၁၀ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၄ | ဦးဟိန် | ၇၃ | ၃ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၅ | ဦးကုံ | ၄၈ | ၆ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၆ | ဦးဗွေ | ၄၀ | ၇ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၇ | ဦးချစ်မောင် | ၄၁ | ၃ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၈ | ဒေါ်ရွှေလ | ၆၂ | ၁ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၉ | ဒေါ်ဒုတ် | ၆၁ | ၁ | တောင်ပို့လ | ၅၀၀၀၀ |
| ၁၀ | ဆရာထွက်မန် | ၅၇ | ၅ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၁၁ | လှကျင် | ၃၇ | ၂ | တောင်ပို့လ | ၅၀၀၀၀ |
| ၁၂ | ဦးမောင် | ၆၃ | ၆ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၁၃ | ဦးဘ | ၄၈ | ၉ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၁၄ | ဦးကျော် | ၄၀ | ၆ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၁၅ | ဦးကျော်လှ | ၄၅ | ၆ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၁၆ | မွိုးဖြားတုတ် | ၆၄ | ၂ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၁၇ | သန်းလှ | ၂၇ | ၁ | တောင်ပို့လ | ၅၀၀၀၀ |
| ၁၈ | အောင်သာ | ၄၂ | ၇ | တောင်ပို့လ | ၅၀၀၀၀ |
| ၁၉ | ဦးဘဲ | ၇၅ | ၂ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၂၀ | ဦးချစ်ကောင်း | ၄၂ | ၄ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၂၁ | ဦးပွေး | ၄၀ | ၇ | တောင်ပို့လ | ၁၀၀၀၀၀ |
| ၂၂ | တအောင် | ၄၅ | ၃ | တောင်ပို့လ | ၅၀၀၀၀ |
| ၂၃ | မအုံ | ၅၀ | ၆ | တောင်ပို့လ | ၅၀၀၀၀ |
| ၂၄ | ဦးဖူး | ॥ | ၄ | တောင်ပို့လ | ၁၂၀၀၀၀ |
| ၂၅ | ဦးခေါင် | ၇၅ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၂၆ | ဂျန်ဖာလုပ် | ၅၉ | ၆ | လိုင်ခါး | ၁၂၀၀၀၀ |
| ၂၇ | ဂျန်ဖာအောင်ကြည် | ၅၈ | ၁၀ | လိုင်ခါး | ၁၂၀၀၀၀ |
| ၂၈ | ဂျန်ဖာဖိုးထောင်း | ၆၁ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၂၉ | ဂျန်ဖာဖိုးရီ | ၃၆ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၃၀ | ဂျန်ဖာဝမ်း | ၅၂ | ၇ | လိုင်ခါး | ၁၂၀၀၀၀ |
| ၃၁ | ဂျန်ဖာယိုင် | ၆၀ | ၁၁ | လိုင်ခါး | ၁၂၀၀၀၀ |
| ၃၂ | ဂျန်မွိုးအုန်းကြည် | ၅၉ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၃၃ | ဂျန်မွိုးဗို | ၇၀ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| ၃၄ | ဂျန်ဖာထွန်းအောင် | ၃၄ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၃၅ | ဂျန်ဖာထွက်စိန် | ၅၂ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၃၆ | ဂျန်ဖာကံ | – | ၅ | လိုင်ခါး | – |
| ၃၇ | ဂျန်မွိုးပု | ကွယ်လွန် | ၇ | လိုင်ခါး | – |
| ၃၈ | ဂျန်ဖာဖိုးမင် | ကွယ်လွန် | ၄ | လိုင်ခါး | – |
| ၃၉ | ဂျန်မွိုးအုန်းလွင် | – | ၈ | လိုင်ခါး | – |
| ၄၀ | ဂျန်ဖာဘော် | ၆၂ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၁ | ဂျန်ဖာအောင်လော် | ၅၂ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၂ | ဂျန်မွိုးဗဲ | ၄၇ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၃ | ဂျန်ဖာငဲ | ၆၀ | ၉ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၄ | ဂျန်ဖာထွန်းတင် | ၅၂ | ၆ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၅ | ဂျန်ဖာငဲပေ | ၅၆ | ၆ | လိုင်ခါး | ၅၀၀၀၀ |
| ၄၆ | ဂျန်ဖာမောင်ကက် | ၆၁ | ၇ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၇ | ဂျန်ဖာမောင်မျိုး | ၃၂ | ၆ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၈ | ဂျန်ဖာအောင်ချမ်း | ၃၉ | ၆ | လိုင်ခါး | ၁၂၀၀၀၀ |
| ၄၉ | ဂျန်ဖာသိန်းတန်ဦး | ၃၁ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၀ | ဂျန်ဖာမျိုးငြိမ်း | ၃၁ | ၄ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၁ | ဂျန်ဖာကျော်ကျော် | ၂၆ | ၄ | လိုင်ခါး | ၁၀၀၀၀၀ |
| ၅၂ | ဂျန်မွိုးပုလု | ၄၆ | ၂ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၃ | ဂျန်ဖာစိန်ထွန်း | ၄၆ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၄ | ဂျန်ဖာအောင်ကျော် | ၅၃ | ၆ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၅ | ဂျန်ဖာစိုင်းတူ | ၅၄ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၆ | ဂျန်ဖာထွန်းရီ | ၃၈ | ၅ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၇ | ဂျန်ဖာကြက်တော | ၅၁ | ၄ | လိုင်ခါး | ၁၂၀၀၀၀ |
| ၅၈ | ဂျန်ဖာမောင်နု | ၄၀ | ၄ | လိုင်ခါး | ၁၀၀၀၀၀ |
| ၅၉ | ဂျန်ဖာစိုးနိုင် | ၃၃ | ၃ | လိုင်ခါး | ၁၀၀၀၀၀ |
| ၆၀ | ဂျန်ဖာတထွန်း | ၃၆ | ၃ | လိုင်ခါး | ၁၂၀၀၀၀ |
| ၆၁ | ဂျန်ဖာဆန်းဝင်း | ၂၉ | ၃ | လိုင်ခါး | ၅၀၀၀၀ |
| ၆၂ | ဂျန်ဖားစိန်လွယ် | ၄၇ | ၁ | လိုင်ခါး | ၁၂၀၀၀၀ |
| ၆၃ | ခွန်မောင်ဝင်း | ၂၃ | ၁ | လိုင်ခါး | ၅၀၀၀၀ |
| | **စုစုပေါင်း** | | ၃၂၂ | **(အမေရိကန်ဒေါ်လာ ၆,၂၈၀)** | **၆,၂၈၀,၀၀၀** |




မြန်မာနိုင်ငံ၏ အထင်ကရဖြစ်သော အင်းလေးကန်နှင့် ၁၃ မိုင် (၂၁ ကီလိုမီတာ) အကွာတွင် နိုင်ငံ၏အကြီးဆုံး အပွင့် ကျောက်မီးသွေး သတ္တုတွင်းနှင့် အကြီးဆုံး ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်စက်ရုံကို လုပ်ကိုင်နေမှုကြောင့် အကြီး အကျယ် ပြဿနာများ ဖြစ်လာဖွယ်ရှိပါသည်။ ကျောက်မီးသွေးများအနက် ပတ်ဝန်းကျင်ကို အညစ်ညမ်း စေဆုံးဖြစ်သည့် လစ်ဂနိုက် ကျောက်မီးသွေး တန်ချိန် ၂,၀၀၀ ကို ဤသတ္တုတွင်း၌ နေ့စဉ် တူးဖော်ထုတ်လုပ်နေပါသည်။ ကျောက်မီးသွေးများကို အနီးရှိ လျှပ်စစ်စက်ရုံတွင် လောင်စာအဖြစ် လောင်ကျွမ်းစေ၍ နေ့စဉ် အဆိပ်သင့်ပြာမှုန်များ တန်ချိန် ၁၀၀ မှ ၁၅၀ အထိ ထုတ်လွှတ်နေသည်။ ဤဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် လျှပ်စစ်ဓါတ်အားကို အခြားသတ္တုတွင်း စီမံကိန်းတခုသို့ ပို့ ဆောင်အသုံးပြုစေသည်။ ဤအနေအထားမှာ မြန်မာနိုင်ငံ၏ လောင်စာ စွမ်းအင်ကဏ္ဍတွင် ဖြစ်ပျက်နေပြီး၊ တိုင်းပြည်၏ သဘာဝသယံဇာတများ ထုတ်ယူနေခြင်းမှာ ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟုတ်ဘဲ၊ ငွေအများဆုံးပေးနိုင်သူကို ရောင်းစားရန်သာ ဖြစ်သည်။ မြန်မာနိုင်ငံသည် ယခုအခါ အခြားကျောက်မီးသွေးတွင်းများကိုလည်း တူးဖော်ထုတ်လုပ်ရန် စီစဉ်နေပြီး၊ နောက်ထပ် ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်စက်ရုံများ ထပ်မံတည်ဆောက်ရန် ရှိနေသည်။

ချိန္ဒူ လှုပ်ရှားမှု ကွန်ယက်

ပအိုဝ်းလူငယ်အစည်းအရုံး